မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၆၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ကုန်းမြင့်သာရိ ဓေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ *ကျောဖုံးသို့* ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၃ ရက်)

ကြည်နူးသာယာလှသည့် တပေါင်းလအခါသမယ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများအားထုတ်

ယနေ့သည် ၁၃၆၇ ခုနှစ် တပေါင်းလပြည့်နေ့ ဖြစ်သည်။ မြန်မာလများတွင် (၁၂)ကြိမ်မြောက်လသည် တပေါင်းလ ဖြစ်သည်။ တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ "နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသရမ်း"ဟု ဆိုစမှတ်ပြုကြသည်။ တပေါင်းလတွင် ၂၇လုံးသော နက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များကျိုချက်သဖြင့် ထန်းပေါင်းဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့် လည်းကောင်း တပေါင်းလဟု ခေါ်တွင်ခဲ့သည်။

တပေါင်းလသည် မိန်ရာသီဖြစ်၏။ စန်းယှဉ်နက္ခတ်ကား ဥတ္တရာဘရဂုဏ္ဏီတည်း။ ရာသီရုပ်ကား ငါးကြင်းပွတ်၊ ရာသီပန်းကား သရဖီနှင့်အင်ကြင်းပန်းတို့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အင်ကြင်းပန်းမှာ အလွန်အလေးအနက်ထားသောပန်းဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် လုမ္ဗိနီသာမောအင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့ပြီးလျှင် ကုသိနာရုံ အင်ကြင်းစုံ၌ ပရိနိဗ္ဗာန်ဝင်စံသောကြောင့်ဖြစ်၏။

တပေါင်းလတွင် မြစ်များ၊ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များ ပေါ်ထွန်းသဖြင့် "သဲပုံစေတီတည်သော ရာသီပွဲများကျင်းပလေ့ရှိသည်"ဟု အဆိုရှိခဲ့သည်။ တပေါင်းလသည် ဆောင်းကြွင်းနွေဦးလ ဖြစ်သဖြင့် သစ်ပင်များရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေကာ အညွန့်အညှောက်များ ပေါ်ထွက်ခြင်းဖြင့် တင့်တယ်သာယာလှသည်။ ရှေးစာဆိုများသည် တပေါင်းလကို လများ၏သခင်ဟု အထွတ်တင်ကာ ဖွဲ့ဆိုရေးသားခဲ့ကြသည်။

အင်းဝခေတ် ရဟန်းစာဆို ရှင်ဥတ္တမကျော်က သူ၏ တောလားကဗျာကြီး၌ တပေါင်းလ၏ တင့်တယ်သာယာပုံကို "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ယီ၊ ဣန္ဒနီဝယ်၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"ဟူ၍ တောသစ်ပင်တို့၏ အရွက်များ နွေဦးတွင် ရောင်စုံပန်းချီကားချပ်ကြီးသဖွယ် ဖြစ်နေပုံကို ခမ်းနားလှပစွာ ချီးကျူးဖွဲ့ဆိုခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားများအား တရားရေအေး တိုက်ကျွေးလျက်ရှိသည့် သတင်းကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ကြားသိလျှင် ခေါင်းဆောင်အမတ်၁၀ဦးတို့ကို နောက်ပါ အခြွေအရံ တစ်ထောင်စီဖြင့် (၁၀)ကြိမ်ခွဲကာ မြတ်စွာဘုရားပင့်ရန် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူသည်။ နောက်ဆုံးအသုတ်ကို ဖွားဖက်တော်ကာဠုဒါယီအမတ်အား ခေါင်းဆောင်သွားစေသည်။ မြတ်စွာဘုရားကို ဖူးတွေ့ရ၍ တရားဒေသနာကို နာကြားရသောအခါ အလုံးစုံသော ကိလေသာအစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ရှိကာ အားလုံးရဟန္တာ ဖြစ်ကုန်ကြသည်။

ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလပြည့်နေ့တွင် တပေါင်းလ၏ သာယာပုံတို့ကို ဂါထာပေါင်း(၆၄)ဂါထာသီကုံး၍ ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီ ဖြစ်ပါကြောင်း လျှောက်ထားသည်။

မြတ်စွာဘုရားသခင်သည် မဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ်မြို့သား သံဃာ တစ်သောင်း ခြံရံလျက် တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ မွေးရပ်ဌာနီ ကပိလဝတ်ပြည်သို့ ကြွချီတော်မူသည်။ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်ခရီးမှာ ကျေးဇူးရှင်ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင်(မိထွေးတော်)ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားရန် ကြွမြန်းတော်မူခြင်းဖြစ်သည်။ သားတော်ဘုရား၏ ကျေးဇူးဆပ်တရားကြောင့် ခမည်းတော်မင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့သည် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ခဲ့ကြသည်။

မြတ်ဗုဒ္ဓသည် ကမ္ဘာလောကအကြောင်းကို ပြသသွန်သင်ပေးသော လက်ဦးဆရာ မိဘတို့ကို ကျေးဇူးဆပ်ရန် လည်းကောင်း၊ ဆွေတော်မျိုးတော်များ အကျိုးကိုဆောင်ရွက်ရန်လည်းကောင်း၊ တိုင်းသူပြည်သား လူအများ၏ အကျိုးကို ဆောင်ရွက်ရန်လည်းကောင်း ခရီးကြွရန် ပြင်ဆင်သောနေ့သည် တပေါင်းလပြည့်နေ့ဖြစ်ပြီး စတင်ခရီးထွက်တော်မူသောနေ့သည် တပေါင်းလပြည့်ကျော် တစ်ရက်နေ့ ဖြစ်သည်။

သို့ဖြစ်ရာ ကြည်နူးသာယာလှသည့် တပေါင်းလ အခါသမယတွင် မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အောက်မေ့ခြင်းဟူသည့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတိုင်း ကျေးရွာစာကြည့်တိုက်များသို့ အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၂

ရောဝတီတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို မတ်၇ရက်က ပုသိမ်မြို့ ရောရှေဝါခန်းမ၌ကျင်းပသည်။

ရှေးဦးစွာရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က အမှာစကား ပြောကြားပြီး တိုင်းမှူးထံ ကျေးလက် စာကြည့်တိုက်များအတွက်အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများကိုယ်စားတိုင်းတရားသူကြီးဦးသန်းမြင့်က လည်းကောင်း၊ ဟိုတယ် လုပ်ငန်းရှင်များကိုယ်စား ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က လည်းကောင်း၊ ရောဝတီတိုင်း ရေလုပ်ငန်းရှင်များ ကိုယ်စားတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးဝေက လည်း ကောင်း၊ အလှူငွေနှင့်စာအုပ်စာတမ်းများကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဖွင့်လှစ်နိုင်မှု

ဆက်လက်၍ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးမောင်မောင်မြင့်က ရောဝတီတိုင်းအတွင်းကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ခရိုင်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ အလှူငွေနှင့်စာအုပ်များကို ပေးအပ်လိုက်သည်။ **(အပေါ်ပုံ)**

ယနေ့တွင် ရောဝတီတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ အတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများက အလှူငွေကျပ် ၂၅၉၃၆၀၀နှင့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၆၆၅၂အုပ်၊ ဟိုတယ်လုပ်ငန်းရှင် များက ငွေကျပ်၁၀သိန်းနှင့် ရောဝတီ တိုင်းရေလုပ်ငန်းရှင်များက ငွေကျပ် ၁၅သိန်းတို့ဖြစ်ပြီး ရောဝတီ တိုင်း အနေဖြင့် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများတွင် ဖွင့်လှစ်ထားရှိပြီးဖြစ် သော ကျေးရွာစာကြည့်တိုက် ၁၂၁၁၁ ခုတို့ ရေရှည် တည်တံ့ရေးလုပ်ငန်းစဉ်များတွင် ထောက်ပံ့သုံးစွဲသွားမည် ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၂

ကျောက်တန်းမြို့နယ်အသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းခန်းမ၌ ဧပြီ ၂ရက် နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်သည်။

(၇၅)နှစ်ပြည့်ပြီးသူအသင်းဝင်များ၊ ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ်ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲ လေးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသားများသည် မတ် ၁၈ ရက် နောက်ဆုံးထား၍ ဒေါက်တာဦးစိုးတင် ဖုန်း-၆၀၀၁၅၄၊ ဦးစိုးဝင်း ဖုန်း-၀၅၆-၂၅၁၂၅၊ ဦးသင်းမောင် ဖုန်း-၆၅၂၀၆၅၊ ဦးစိုးမြင့် ဖုန်း-၂၉၇၃၄၉ တို့ ထံသို့ အထောက်အထား အပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် ဧပြီ၂ရက်တွင် မြို့နယ်သူ၊ မြို့နယ်သား များအားလုံး တက်ရောက်ကြပါရန် အမှုဆောင် အဖွဲ့က ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်ရိပ်သာ သီရိမင်္ဂလာလမ်းသွယ် အမှတ်(၃၄)နေ ဒေါက်တာကျော်စိန်၊ ဒေါ်တင်တင်အေး မိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၃-၃-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်း ရတနာ"** (အပိုင်း-၂၀)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၂၄)



(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

မန္တလေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ မတ် ၇ ရက် နံနက်၇နာရီ ၂၅မိနစ်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားမုခ်ဦး ဆောက်လုပ်နေမှုအခြေအနေနှင့် စေတီများ တည်ဆောက်မွမ်းမံမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကန်တော့ကြပြီး လက်ယာရစ် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရားသို့ရောက်ရှိကြ၍ စောင်းတန်းထိပ်ရှိ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကျောက်စာတိုင်ကို ကြည့်ရှုစစ်ဆေးကြပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြကာ စေတီအား လက်ယာရစ် ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပိဋကတ်တော် ကျောက်စာတော်များ မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြို့ပတ်လမ်းနှင့် ၁၂လမ်း လမ်းဆုံမြို့ပတ်လမ်းသို့ရောက်ရှိ၍ မြို့ပတ်လမ်း မြေသားလမ်းဖောက်လုပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ၁၂လမ်းနှင့် ၂၂လမ်းကြားရှိ မြို့ပတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ် ရေကင်းအမှတ်(၃)ရှေ့တွင် စက်ယန္တရားများဖြင့် မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ ၈၃လမ်းနှင့် ၂၃လမ်း လမ်းဆုံ၌ ၂၃လမ်း လမ်း၈၀မှ ၈၄လမ်းအထိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်ဈေးချိုပလာဇာသို့ရောက်ရှိကြ၍ ဈေးဆိုင်များဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စနစ်တကျထားရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန်း–မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လျက်ရှိသည့် Mandalay Zegyo Shopping and Condo Minium တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ပြီး ၂၅ထပ် ကွန်ဒိုမီနီယံတတိယထပ်အထိ ကြမ်းခင်းကွန်ကရစ်လောင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြေညီထပ်မှခြောက်ထပ်ရှိ ဈေးဆိုင်ခန်းများအထိ မော်တော်ယာဉ်ဖြင့်သွားလာနိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်မရှိအောင်ဆောင်ရွက်ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျထားရှိဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် **(အပေါ်ပုံ)** နှင့်အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ် တောင်သမန်ကန်ပတ်လမ်း(မြောက်ဘက်ခြမ်းလမ်း)တွင် ကျောက်ခင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်း(၆၅လမ်းနှင့်၆၈လမ်းကြား) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းလုပ်ငန်းခွင်သို့လည်းကောင်း၊ ၂၉လမ်း (လမ်း၇၀နှင့်၇၁လမ်းကြား)ကျောက်ချောလမ်းခင်းခြင်းနှင့် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နန်းမြို့ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အောင်တော်မူစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် စွယ်စုံ(ခွဲစုံ) သာသနာ့ရာမကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင် အောင်တော်မူစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ ရှေးဦးစွာ ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ လှိုင်မြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ပန်းနှင့် ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဥပသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ပန်း၊ ပရိတ်သဲများကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်အထက်၌ ချည်နှောင်ပက်ဖျန်းကြပြီး အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပိန္နဲတိုင် အစရှိသည့် လှူဖွယ်ပစ္စည်းများကို စေတီတော်ကြီးအားရည်စူး၍ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တင်လှူပူဇော်

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊အလှူရှင်များက ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလျက် စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်ပတ်ပူဇော်ကြပြီး ရွှေထီးတော် ပထမဘုံအပါအဝင် ဘုံအဆင့်ဆင့်နှင့် ဆပ်သွားဖူးတော်၊ ဓွန်းလေးဘုံနှင့် ငှက်မြတ်နားတော်တို့ကို သာသနာ့ရောင်ခြည် (ကုသိုလ်ဖြစ်) ထီးတော်တင်ရထားပျံဖြင့် စေတီတော်ကြီးပေါ်သို့ တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ စေတီတော်မြတ်ကြီး၏ အထွတ်ဖြစ်တော်မူသော စိန်ဖူးတော်မြတ်အား စေတီအထွတ်သို့ ရထားပျံဖြင့် လှူဒါန်းပူဇော်ကြသည်။ **(သတင်းစဉ်)**

မော်တော်ကားမှန်များတွင် စတေကာကပ်ပါက ထိရောက်စွာအရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတေကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတေကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတေကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အမေရိကန်အစိုးရဘတ်ဂျက်လိုငွေပြ

ဝါရှင်တန် မတ် ၁၂

အမေရိကန်အစိုးရ၏ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ၌ လစဉ်မှတ်တမ်းအရ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၂ ဘီလီယံရှိကြောင်း အမေရိကန် ဘဏ္ဍာရေးဌာနက မတ် ၁၀ရက်တွင် ထုတ်ပြန်သော ဘတ်ဂျက် အစီရင်ခံစာ၌ ဖော်ပြလိုက်သည်။

ယခင်နှစ်လက ပြည်ထောင်စု ဘတ်ဂျက်မှတ်တမ်းတွင် လိုငွေအများဆုံး ဖြစ်ခဲ့ပြီးနောက်ပိုင်း ဖေဖော်ဝါရီလသည် ဘတ်ဂျက်လိုငွေပြမှုများပြားသည့်လ တစ်လဖြစ်သည်။

ထိုသို့ ဖေဖော်ဝါရီလ၌ ဘတ်ဂျက်လိုငွေပြမှုများရခြင်းမှာ အမေရိကန်အစိုးရ၏ ငွေကြေးသုံးစွဲမှု ဒေါ်လာ ၂၃၂ ဒသမ ၁ သန်းရှိခဲ့သဖြင့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုများပြားခဲ့သည်။

ပြီးခဲ့သည့် ပထမငါးလတာ ဘဏ္ဍာရေးကာလတွင် စုစုပေါင်း ဘတ်ဂျက်လိုငွေပြမှုသည် ဒေါ်လာ ၂၁၇ ဒသမ ၆ ဘီလီယံ ရှိခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သည့်နှစ် အလားတူဘဏ္ဍာရေးကာလအတွင်း ဘတ်ဂျက်လိုငွေပြမှုနှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၆ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး ဒေါ်လာ ၂၂၃ ဒသမ ၄ ဘီလီယံအထိ ရှိခဲ့သည်။

ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးတွင် ဘတ်ဂျက်လိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၃၁၉ ဘီလီယံ အထိရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

စပိန်၌ရေလွှမ်းမိုး

စပိန်နိုင်ငံ မြောက်ပိုင်း ပန်ပလိုနားမြို့၌ အာဂါမြစ်ကမ်းပါး ကျိုးပေါက်သွားမှုကြောင့် မတ် ၁၁ ရက်က မြို့တွင်းလမ်းများပေါ်တွင် ရေလွှမ်းမိုးမှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

(ရေလွှမ်းမိုးမှုဖြစ်ပွားစဉ် ကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အထိ သေဆုံးဒဏ်ရာရရှိမှုနှင့် ပတ်သက်၍ အစီရင်ခံစာ၌ ဖော်ပြထားခြင်း မရှိသေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။)

(အင်တာနက်)

တောင်ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်း ချောင်ဒူးဒေသတွင် ကျင်းပသည့် နွားရိုင်းခတ်ပြိုင်ပွဲတွင် အမေရိကန်နှင့် တောင်ကိုရီးယားမှနွားရိုင်းများ ယှဉ်ပြိုင်ခတ်နေသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။

(ယင်းပြိုင်ပွဲသို့ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနိုင်ငံများအပါအဝင် အခြားနိုင်ငံများမှ နွားရိုင်းပေါင်း ၁၂၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။)

(ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယားသင်္ဘောနစ်မြုပ် သင်္ဘောသား ၁၃ဦးအား ကယ်တင်ပေးနိုင်ခဲ့

ရှန်ယန်း မတ် ၁၂

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဒန်ဒေါင်းဆိပ်ကမ်းအနီး ပင်လယ်ပြင်တွင် မတ် ၉ ရက် နေ့လယ်ပိုင်းက နစ်မြုပ်ခဲ့သော ကုန်တင်သင်္ဘောတစ်စင်းမှ နိုင်ငံခြားသင်္ဘောသား ၁၃ဦးအား ကယ်တင်ပေးခဲ့သည်။

ယင်း သင်္ဘောသားများတွင် တောင်ကိုရီးယားမှရှစ်ဦးနှင့် ဖိလစ်ပိုင်မှ ငါးဦးပါဝင်သည်။ ၎င်းတို့အား တင်ဆောင်လာသော တောင်ကိုရီးယား သင်္ဘောသည် တရုတ် ဒန်ဒေါင်းဆိပ်ကမ်းမှ ၆၅မိုင်အကွာတွင် ကြာသပတေးနေ့က နစ်မြုပ်ခဲ့ခြင်း ဖြစ်သည်။

နစ်မြုပ်သွားသော သင်္ဘောမှ ရေယာဉ် အမှုထမ်းများ၏ အချက်ပြခြင်းကို ဒန်ဒေါင်းနယ်မြေ လုံခြုံရေးအဖွဲ့က ရရှိခဲ့ပြီးနောက် သင်္ဘောနစ်မြုပ်ရာနေရာသို့ ဒေသဆိုင်ရာ ရေကြောင်း ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ လျင်မြန်စွာ သွားရောက်ခဲ့သည်။

လေများ ပြင်းထန်စွာတိုက်နေပြီး လှိုင်းများ မြင့်တက်နေသော်လည်း တရုတ် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ယင်းနေ့ ညနေ ၃နာရီ ၁၅ မိနစ်တွင် သင်္ဘောသား၁၃ဦးကို ဘေးကင်းစွာ ကယ်တင်နိုင်ခဲ့သည်။

ယင်းသင်္ဘောသည် ဒန်ဒေါင်းဆိပ်ကမ်းမှ ကုန်ပစ္စည်းတန် ၆၁၀၀ကို တောင်ကိုရီးယားသို့ တင်ဆောင်လာစဉ် နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မင်္ဂလာပွဲတက်ရန်ကားဖြင့်သွားသည့် ခရီးသွား ၂၆ဦး ပါကစ္စတန်အနောက်တောင်ပိုင်း၌ မိုင်းထိ၍သေဆုံး

ကွီရက်တာ (ပါကစ္စတန်) မတ် ၁၂

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ လက်ထပ်မင်္ဂလာအခမ်းအနားတက်ရောက်ရန် သွားရောက်ကြသည့် ခရီးသွားပြည်သူ ၂၆ဦးသည် ပါကစ္စတန်နိုင်ငံ၏ သဘာဝဓာတ်ငွေ့များ အဓိကထွက်ရှိရာ လုပ်ကွက်များအနီး၌ မတ် ၁၀ရက်က မိုင်းထိပြီး သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းမိုင်းပေါက်ကွဲမှုသည် ဘာလုချီစတန်ပြည်နယ် ဒီရာဘတ်တီခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှုကို ပြည်နယ်အစိုးရတာဝန်ရှိသူများက စစ်သွေးကြွများ လက်ချက်ဟု အပြစ်ဖို့ပြောဆိုကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

သေဆုံးသူအများစုတွင် အမျိုးသမီးများနှင့်ကလေးများပါဝင်ကြောင်း၊ ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပေါက်ကွဲသေဆုံး

မင်္ဂလာအခမ်းအနား တက်ရောက်ရန် သွားသော အဆိုပါယာဉ်သည် ထွန်စက်တစ်စီးနောက်မှ နောက်တွဲယာဉ်ချိတ်၍ မောင်းနှင်သွားခဲ့ရာ စစ်သွေးကြွများ ထောင်ထားသော မိုင်းကိုနင်းမိပြီး ပေါက်ကွဲသေဆုံးခဲ့ရခြင်းဖြစ်သည်။ ယင်းဒေသသည် အီရန်နှင့် အာဖဂန်နစ္စတန်နယ်စပ်အကြား အကြမ်းဖက်ဒေသ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်မင်းသမီးဂေါင်းလီ သတင်းစာရှင်း

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ခန်းမဆောင်တစ်ခုတွင် တရုတ် **နာမည်ကျော် မင်းသမီးဂေါင်းလီ သူမ ပါဝင်သရုပ်ဆောင်ခဲ့သော “Autumn Remembrance” ဇာတ်ကားနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပနေသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

ဆန့်ကျင် ကန့်ကွက်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိအမေရိကန် သံရုံးအနီးတွင် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များ ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင် ကန့်ကွက်နေသော ပြည်သူများအား မတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နှစ်ပေါင်း သန်း ၂၅၀ခန့်က ကျောက်ဖြစ်ရုပ်ကြွင်း



လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၅၀ခန့်က တွားသွားသတ္တဝါ တစ်ကောင်၏ ကျောက် ဖြစ် ရုပ် ကြွင်းကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၅၀ ခန့်က အသက်ရှင် ကျက်စားခဲ့သော အသားစားတွားသွားသတ္တဝါ တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုဖြစ်ပြီး ယခုအခါ ချီကာဂိုမြို့ အမျိုးသားပြတိုက်၌ ပြသထားကြောင်း သိရသည်။

(အင်တာနက်)

မြွေပွေးများ စုဆောင်းသူ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ကမ္ဘာတွင် မြွေပွေးအများဆုံး စုဆောင်းထားသူ တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

မြွေပွေး ရာပေါင်းများစွာကို အခန်းတစ်ခု အတွင်းတွင် စုဆောင်းထားပြီး မြွေပွေးများနှင့်အတူ နေပြကာ ညှော်ပရိသတ် သုံးသောင်းကျော်အား ပြသခဲ့၍ အခကြေးငွေ အမေရိကန်ဒေါ်လာ ငါးသန်းကျော် ရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

တရုတ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက် လူ့အခွင့်အရေးကို လေးစားလိုက်နာ စောင့်ထိန်း ဥပဒေနှင့်အညီ ဒီမိုကရေစီဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပေကျင်း မတ် ၁၂

တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးစံနှုန်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ပြစ်တင်ဝေဖန်ထားသည့် အစီရင်ခံစာကို တရုတ်နိုင်ငံက မတ် ၉ ရက်တွင် ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောကြားလိုက်ပြီး ၂၀၀၅ ခုနှစ် လူ့အခွင့်အရေးလက်တွေ့ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံများဆိုင်ရာ အစီရင်ခံစာသည် မှန်ကန်မှုမရှိသည့်လုပ်ဆောင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်ကန်က ပုံမှန်သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

ပြစ်တင်ဝေဖန်

မတ် ၈ ရက်က ထုတ်ပြန်သည့် အဆိုပါ အစီရင်ခံစာတွင် ဟောင်ကောင်၏ နိုင်ငံရေးစနစ်နှင့် သတင်းဂျာနယ်များနှင့် ပတ်သက်၍ ကန့်သတ်ချက်များကို ပြစ်တင်ဝေဖန်ထားသည်။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာလျက်ရှိကြောင်း၊ တရုတ်အစိုးရသည် အရာရာတိုင်း၌ ပြည်သူတို့အပေါ်ထားရှိသည့် မူဝါဒကို လိုက်နာစောင့်ထိန်းလျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံ တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း မစ္စတာ ကင်က ပြောကြားသည်။

လူ့အခွင့်အရေး တိုးတက်ကောင်းမွန်

တရုတ်နိုင်ငံတွင် လူ့အခွင့်အရေးသည် တိုးတက်ကောင်းမွန်လျက်ရှိပြီး ကမ္ဘာတစ်ဝန်းလုံးကလည်း တရုတ်နိုင်ငံ၏ အဆိုပါအလေးထားမှု အစီအစဉ်ကို အသိအမှတ်ပြုကာ ကြိုဆိုကြသည့်အပြင် တရုတ်ပြည်သူလူထုကလည်း ယင်းအစီအစဉ်ကို ကျေနပ်အားရလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗျိုင်းအုပ်ကြီးနှင့်အပြိုင်ငါးဖမ်း

မနီလာ မတ် ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် ပမ်ပန်ဂါပြည်နယ်ရှိ ရေချိုငါးကန် တစ်ကန်၌ ဖိလစ်ပိုင်တံငါသည်များ ငါးများဖမ်းနေစဉ်အတွင်း အလွန် စိတ်ဝင်စားဖွယ် ကောင်းလောက်အောင် ဗျိုင်းအုပ်ကြီးကျဆင်းလာသည်ကို တွေ့ရခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားနေသော်လည်း ဖိလစ်ပိုင်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု မရှိသေးကြောင်း သိရသည်။ **(အေပီ)**

ဂျပန်၌ ကိုယ့်ကိုကိုယ် သတ်သေသည်ဟု ယူဆရသော သေဆုံးသူကိုးဦးတွေ့ရှိ

တိုကျို မတ် ၁၂

ဂျပန်ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်ရပ်နားစခန်းနှစ်ခု၌ လူကိုးဦး သေဆုံးနေသည်ကို တွေ့ရပြီးနောက် သံသယရှိသော ကိုယ့်ကိုယ်ကို သတ်သေသည့်အဖွဲ့၏ သီးခြားဖြစ်စဉ်နှစ်ခုကို စုံစမ်းထောက်လှမ်းနေကြောင်း၊ ယင်းဖြစ်စဉ်မှာ အလားတူ မှုခင်းမျိုး ဆက်တိုက်ဖြစ်ပွားရာမှ နောက်ဆုံးမှုခင်း တစ်ရပ်ဖြစ်ကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားသည်။ တိုကျိုမြို့မြောက်ဘက် ဆိုင်တမာ စီရင်စုရှိ ဝါဂွန်ကားရပ်နားစခန်း၌ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကိုတွေ့ရကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကားအတွင်း ကျောက်မီးသွေးမီးဖိုများကို တွေ့ရကြောင်း၊ ၎င်းကျောက်မီးသွေး မီးဖိုများမှ ကာဗွန်မိုနောက်ဆိုက်ကို ထုတ်လွှတ်ပြီး အဆိပ်ငွေ့ဖြစ်အောင် လုပ်ခဲ့ခြင်းဖြစ်ကြောင်း ကနဦးစုံစမ်းစစ်ဆေးချက်များကို ကိုးကားလျက် ၎င်းကပြောကြားသည်။

သေဆုံး

သီးခြားဖြစ်စဉ်တစ်ခုမှာ တိုကျိုမြို့မြောက်ဘက် မိုင် ၂၈၀ အကွာ အအိုမိုရီ စီရင်စုတောင်ခြေရှိ ယာဉ်ရပ်နားစခန်း၌ အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်ခဲ့ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြင့်တက်လာ

ဂျပန်နိုင်ငံ၌ ယင်းတို့ကိုယ်ယင်းတို့ အုပ်စုဖွဲ့၍ လုပ်ကြံသေဆုံးမှုများ မကြာသေးသည့်နှစ်များက မှန်မှန်မြင့်တက်လာခဲ့ကြောင်း၊ ယင်းကဲ့သို့သောဖြစ်ရပ်အများအပြားကို အင်တာနက်တွင်တွေ့နိုင်ကြောင်း၊ သို့ရာတွင် ယင်းကဲ့သို့ သေဆုံးနေသည်ကို ရဲတပ်အဖွဲ့က ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယနိုင်ငံမှ စိန်မြို့တော်

နယူးဒေလီ မတ် ၁၂

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် မွမ်ဘိုင်းမြို့သည် စိန်ရောင်း စိန်ဝယ်သူများဖြင့် စည်ကားလျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။

စိန်များဖြင့် အလှဆင်နေသူတစ်ဦး

အရောင်းအဝယ်ပြုလုပ်

မွမ်ဘိုင်းမြို့တွင် စိန်ရောင်းဝယ်သူများသည် လေအေးပေးစက်အခန်းများတွင် ဖိမ်ကျကျ စိန်ရောင်းဝယ်မှုများ ပြုလုပ်ခြင်းမရှိတော့ပေ။ နေ့စဉ်နှင့်အမျှ စိန်ရောင်းဝယ်သူ ငါးသောင်းခန့်သည် ဆူရက်စိန်လမ်းဟု လူသိများသော ဈေးသို့ရောက်ရှိလာကြကာ စိန်ရောင်းဝယ်မှုများ ပြုလုပ်ကြသည်ဟု ဆိုသည်။

မွမ်ဘိုင်းမြို့သည် နိုင်ငံတကာ စိန်ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိရာ စိန်ရောင်းဝယ်ရန် ရောက်ရှိလာမှုများပြားသဖြင့် မွမ်ဘိုင်းမြို့ကို စိန်မြို့တော်ဟုပင် တင်စားခေါ်ဝေါ်လျက်ရှိသည်။ **(အင်တာနက်)**

မာလာဝီနိုင်ငံ၌ ရေလွှမ်းမိုးမှုဖြစ်ပွား

လီလွန်းဝီ မတ် ၁၂

မာလာဝီနိုင်ငံတောင်ပိုင်း မင်ဂိုချီခရိုင်တွင် မိုးသီးထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းခဲ့သဖြင့် လူ၆၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကျောင်းများပိတ်ထားရပြီး ဘေးလွတ်ရာနေရာများ၌ ယာယီတဲများဖြင့် နေခဲ့ရကြောင်း မတ်၉ရက်ကဆင်ဟွာ၌ဖော်ပြထားသည်။

မင်ဂိုချီခရိုင်တွင် ယခုကဲ့သို့ ရေလွှမ်းမိုးမှုမှာ ၂၈နှစ်အတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုပင်ဖြစ်သည်။ ရေလွှမ်းမိုးမှုကြောင့် အိမ်များ ပြိုကျခြင်း၊ ရွာများ ရေမြုပ်သွားခြင်း၊ ကောက်ပဲသီးနှံများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် တံတားများ ရေမျောပါသွားခြင်းများ ရှိခဲ့ကြောင်း ခရိုင်စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပရိဘောဂပစ္စည်းထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၁ဝရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် Asia Wood ကုမ္ပဏီလီမိတက်၏ သစ်အခြေခံစက်ရုံသို့ရောက်ရှိရာ ကျွန်းနှင့်ပျဉ်းကတိုး သစ်အချောထည်များနှင့်သစ်လုံးများကိုခွဲစိတ်၍ ပရိဘောဂပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏ ရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာဒေါ်သန်းသန်းမြင့်က ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစက်ရုံသည် ကျွန်းနှင့်ပျဉ်းကတိုး ပရိဘောဂများကို ဥရောပနိုင်ငံများ၊စင်ကာပူနှင့်ထိုင်းနိုင်ငံများသို့ တင်ပို့ ရောင်းချနေသော ကုမ္ပဏီဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ရွှေပြည်သာမြို့နယ် New Brothers လီမိတက်၏ သစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းအောင်က စက်ရုံအကြောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် စက်ရုံအတွင်းသစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစက်ရုံမှ ကျွန်းနှင့် ပျဉ်းကတိုး သစ်ခွဲသားများကို ဥရောပနိုင်ငံများ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ကို တင်ပို့နေသော စက်ရုံဖြစ်သည်။

စနစ်တကျဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ ရန်ကုန်သို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးဝင်းလွင်က အလုပ်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် အလုပ်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ယာဉ်/ယန္တရားပြင်ဆင်ခြင်းလုပ်ငန်းများ၊ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာနရေယာဉ်နှင့်ပို့ဆောင်ရေးဌာနစိတ်သို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးဝင်းလွင်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဌာနအတွင်းရှိ မော်တော်ယာဉ်ပြင်အလုပ်ရုံ၊ သင်္ဘောကျင်းနှင့် သံရည်ကျိုဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ပဲခူးတိုင်း ဝေါမြို့ စေတနာရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော အလင်းစေတမန် ဓမ္မစာကြည့်တိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(က-ပ)

တိပိဋကဓရ ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ခြောက်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် နှစ်ပါးနှင့် တိပိဋကဓရ ဆရာတော် နှစ်ပါး ပူဇော်ပွဲကို ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်၊ မတ် ၁၄ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဟု သိရသည်။

(က-ပ)

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို မတ်၁၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက် တိုက်(၆၈) အခန်း(၄)အနီးရှိ သာသနာ့ဟိတကာရီ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်အထက် ကန်တော့ခံ အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို မတ် ၁၅ရက် နောက်ဆုံးထား၍ အမှတ်စာရင်းများနှင့်အတူ ဦးထွင်ရှ ဖုန်း-၃၈၇၅၃၄၊ ဦးသွေးမြင့် ဖုန်း-၅၈ဝ၆၁၈၊ ဒေါ်ခင်လေးမြင့် ဖုန်း-၃၇၄၉၆၅တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြရန်နှင့်အသင်းဝင်ဖြစ်စေ မဝင်ရ သေးသူဖြစ်စေ အားလုံးတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကြည့်ရှုနိုင်မည့်ဖုန်း

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဂျာမနီနိုင်ငံတွင် ကျင်းပတော့မည်ဖြစ်ရာ အီလက်ထရွန်နစ် ကုမ္ပဏီများသည် ကမ္ဘာ့ဈေးကွက် ရှာဖွေမြှင့်တင်ရေးအတွက် သူ့ထက်ငါ ကြိုးစားလာသည်။

တီထွင်ထုတ်လုပ်

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို မိုဘိုင်းလ်ဖုန်းများကို အသုံးပြုလျက် သွားရင်းလာရင်းကြည့်ရှုနိုင်ရန် အတွက် ဂျာမနီနိုင်ငံယူအမ်တီအက်စ် နည်းပညာကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ပြီ ဖြစ်သည်။

ပြသထား

ယင်းဆဲလ်ဖုန်းကို မိုဘိုင်းလ်တီဗွီဟု အမည်ပေးထားပြီး ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ ကွန်ပျူတာနည်းပညာပြပွဲတွင် ပြသထားသည်ကိုတွေ့ရသည်။ **(အပေါ်ယာပုံ)**

၎င်းပြပွဲသည် ကမ္ဘာ့အကြီးဆုံး ဆက်သွယ်ရေးနှင့် နည်းပညာပြပွဲကြီးဖြစ်ပြီး မတ်၉ရက်မှ မတ်၁၅ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

(ကိုးကားချက်-အေပီ)

ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်နေသော တရုတ်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍ

တရုတ်နိုင်ငံတွင် သိပ္ပံနှင့်နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် သုတေသနလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် ယခုနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်ခွင့်ပြုငွေ ၂၀ရာခိုင်နှုန်း တိုးမြှင့်ပေးသွားမည်ဟုဆိုသည်။

နိုင်ငံတကာတွင် သိပ္ပံနှင့် နည်းပညာနယ်ပယ်၌ တရုတ်တို့နောက်ကျမကျန်ရစ်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံ မြို့ကြီးတိုင်းတွင် သိပ္ပံနှင့်နည်းပညာ သုတေသနလုပ်ငန်းများကို ထူထောင်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

တရုတ်လူငယ်များအနေဖြင့် သိပ္ပံ နှင့်နည်းပညာနယ်ပယ်တွင် စိတ်ဝင်စားမှုနှုန်းမြင့်မားလာစေရန်နှင့် လက်တွေ့အသုံးချရာတွင် ကျွမ်းကျင်သော ပညာရှင်များဖြစ်လာစေရန် ထောက်ပံ့ဖြည့်ဆည်းမှုများပြုလုပ်ပေးလျက်ရှိသည်။ အချို့အိုင်စီတီနည်းပညာရပ်ဆိုင်ရာ အတတ်ပညာများကို အခမဲ့သင်တန်းပေးဖြန့်ဝေရန် တရုတ်အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တရုတ်လူငယ်အများအပြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ သင်တန်းများ ပညာရပ်များ လက်တွေ့အသုံးချနိုင်မှုများကိုလည်း အစိုးရက ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

နာဆာ၏ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဂြိုဟ်၏ အနီးကပ်ဆုံးနေရာသို့ရောက်ရှိနေ

အာကာသ သုတေသနလေ့လာရေးအဖွဲ့ဖြစ်သည့် နာဆာမှ လွှတ်တင်လိုက်သော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် ယခုအခါ အင်္ဂါဂြိုဟ်နှင့်အနီးကပ်ဆုံးသို့ ရောက်ရှိနေပြီဖြစ်သည်။ **(ဝဲပုံ)**



အဆိုပါ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ သုတေသနယာဉ်ငယ်တစ်စင်းသည် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ဆင်းသက်ရန် ပြင်ဆင်နေပြီဖြစ်သည်။ အင်္ဂါဂြိုဟ်ဆင်းယာဉ်ငယ်သည် အခြားအာကာသရှိ ယာဉ်များနှင့် မြေပြင်စခန်းသို့လည်း ဆက်သွယ်ရေးကွန်ရက် ပြုလုပ်ထားသည်။

တိတိကျကျလေ့လာ

ထိုအင်္ဂါဂြိုဟ်ဆင်းယာဉ်ငယ်သည် ဘေးတစ်ဖက်တစ်ချက်တွင် ဧရိယာတိုင်များနှင့် အသံ၊ ပုံရိပ်တို့ကို ဖမ်းယူနိုင်သော နားရွက် ဒလက်နှစ်ခု ပါရှိသည်။ အဆိုပါဒလက်များက အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် အရည်များစီးဆင်းမှုနှင့်ရေများရှိမရှိကို တိတိကျကျလေ့လာမည်ဖြစ်သည်။

တိကျသောအဖြေ

အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ၎င်းအင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ရေဒီယိုလှိုင်းများစေလွှတ်ပြီး လှိုင်းများကို ရေဒါဖြင့်ဖမ်းယူကာ တိကျသောအဖြေကို ထုတ်ယူမည်ဖြစ်သည်။ ထို့အပြင် စွမ်းအားမြင့်ကင်မရာများဖြင့်လည်း ထူးခြားဖြစ်စဉ်များကို ဓာတ်ပုံရိုက်ယူကာ မြေပြင်စခန်းသို့ ပေးပို့မည်ဟုသိရသည်။ **(ကိုးကားချက်-အင်တာနက်)**

စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသည် နိုင်ငံ၏ Printed Media ကဏ္ဍ၌အရေးပါ အရည်အသွေးရှိသည့်စာပေများ ပြည်သူများလက်ဝယ်ရောက်ရှိရေးမူဝါဒနှင့်အညီစိစစ် စာပေလောကသားများနှင့်ပေါင်းစည်း၍ နိုင်ငံ့အမျိုးသားအကျိုးစီးပွားကိုကာကွယ်

ရန်ကုန် မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

တက်ရောက်

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

စနစ်တကျဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးအား ရုံးခန်း၌ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနညွှန်ကြားရေးမှူးဦးတင့်ဆွေက စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ သမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံ ပြောင်းလဲလာမှု အဆင့်ဆင့်နှင့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဌာနအနေဖြင့် လုပ်ငန်းများနိုင်နင်းထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သည့် ဝန်ထမ်းအင်အား ထုတ်နုတ် ဖြည့်တင်းထားရှိရန်၊ ပုံနှိပ်သူမှတ်ပုံတင်နှင့် ထုတ်ဝေသူမှတ်ပုံတင်အသစ်များအား မူဘောင်နှင့်အညီ ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်၍ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးကြိုတင်မြော်မြင် စီစဉ်ထားရှိရန်၊ ပုံနှိပ်သူနှင့်ထုတ်ဝေသူ မှတ်ပုံတင်ကြေးများကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း သတ်မှတ်ကာလအတွင်း အပြည့်အဝ ပေးသွင်းလက်ခံရရှိအောင် ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဌာနပိုင်မြေအတွင်းရှိ အဆောက်အအုံများနှင့် ပတ်သက်၍ မူဘောင်နှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ထားရှိရန် အစရှိသည်တို့ကို မှာကြားသည်။

စာပေဖြင့်အကောင်အထည်ဖော်

ထို့နောက် ဝန်ကြီးသည် ဌာနအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန လုပ်ငန်းများနှင့် ပတ်သက်၍ ပြောင်းလဲပေးသင့်သည့် မူဝါဒများကို အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေစိစစ်ရေးလုပ်ငန်းတာဝန်သည် အလွန်အရေးကြီးသဖြင့် ဝန်ထမ်းများအနေဖြင့် ကြီးလေးသည့် တာဝန်အားထမ်းဆောင်နေကြရသူများ ဖြစ်သည်ကို မပြတ်သတိပြုကြစေလိုကြောင်း၊ ယနေ့ပညာခေတ် (Knowledge Age) တွင် မိမိတို့နိုင်ငံကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာကိုအခြေခံသော လူ့ဘောင် (Knowledge based Society) ပညာကို အခြေခံသော စီးပွားရေး (Knowledge based Economy)စနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြရဦးမည် ဖြစ်ကြောင်း၊ ထိုသို့ ပြည်သူလူထုတစ်ရပ်လုံး အသိဉာဏ်ဗဟုသုတ မြင့်မားလာရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိက Media နည်းလမ်းဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် နိုင်ငံ၏ Printed Media ကဏ္ဍ၌ အရေးကြီးသည့်နေရာမှ ပါဝင်လျက်ရှိကြောင်း၊ အရည်အသွေးရှိသည့် စာပေလက်ရာမွန်များ ပြည်သူများ၏ လက်ဝယ်ရောက်ရှိရေးအတွက် ဝန်ထမ်းများအနေဖြင့် မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း၊ ယင်းသို့သော အချိန်ကာလတွင် ပြည်တွင်းပုဆိန်ရိုးများ၊ ပြည်ပရှိ ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် မဟုတ်မမှန် ထုတ်လွှင့်တိုက်ခိုက်မှုများရှိကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနနှင့် စာပေလောကသားများ ပေါင်းစည်း၍ အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ကာ နိုင်ငံ့အမျိုးသား အကျိုးစီးပွားကို ကာကွယ်ပေးသွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဘက်မှသာ ထာဝစဉ်ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စာပေကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး ချမှတ်ထားသည့် မူဝါဒများအတွင်းမှ မှျတအောင် စိစစ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအတွက် ချမှတ်ပေးထားသောလုပ်ငန်းရည်ရွယ်ချက်(၄)ရပ်အား ဌာနဝန်ထမ်းများက တိကျစွာလိုက်နာ၍ စာပေလောကသားများနှင့် ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ပြီး စာပေဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်း၌ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဆုထူးပန်အထူးတရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ကန်တော်ကြီးဘေး မျက်စိအထူးကုဆေးရုံကြီးအနီး ဆုထူးပန်စာသင်တိုက်တွင် မတ်၁၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီ၌ ဆုထူးပန် အဂ္ဂမဟာထေရာသန ကျောင်းဆောင်တော်ရေစက်ချပွဲနှင့် ဆုထူးပန်ဆရာတော်သလ္လာအရှင်ပဏ္ဍိတ၏ အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲ အထိမ်းအမှတ်ညတရားပွဲများ ကျင်းပမည်ဖြစ်ရာ မတ်၁၃ရက် (တနင်္လာနေ့)တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်၊အင်းမ)၊ မတ်၁၄ရက်(အင်္ဂါနေ့)တွင် တွံတေး အရှင်ဣန္ဒက၊ မတ်၁၅ရက်(ဗုဒ္ဓဟူးနေ့) တွင် အရှင်ဇဝန(မေတ္တာရှင်)၊ မတ်၁၆ရက်(ကြာသပတေးနေ့)တွင် အရှင်ကောဝိဒ(မန္တလေးဂုဏ်ရည်)၊ မတ်၁၇ရက် (သောကြာနေ့)တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)နှင့်အရှင်ကုဏ္ဍလ(မဟာသီဟနာဒ) နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကထိက (B.A , M.A မဟာဝိဇ္ဇာ)၊ မတ်၁၈ရက်(စနေနေ့)တွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ မတ်၁၉ရက် (တနင်္ဂနွေနေ့)တွင် အရှင်သုဇာတ (မဟာစည်နယ်လှည့်ဓမ္မကထိက)နှင့် မတ်၂၀ရက် (တနင်္လာနေ့)တွင် အရှင်ရာဇိန္ဒ(အောင်မေတ္တာဆရာတော်)တို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ပြည်တွင်းပြည်ပသတင်း ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၁၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာနှင့်အိန္ဒိယတို့အကြား ဂြိုဟ်တုဆက်သွယ်ရေး၊ စွမ်းအင်နှင့် ဗုဒ္ဓစာပေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၊ နောက်ဆုံးပေါ် စက်ရုပ်လက်မောင်းနည်းပညာဖြင့် မြန်မာနိုင်ငံမှ နှလုံးရောဂါဝေဒနာရှင်နှစ်ဦး ခွဲစိတ်ကုသအောင်မြင်၊ ခရီးသည် များလာပါက ပျဉ်းမနားရထားသစ်တိုးချဲ့ပေးမည်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကြက်မွေးမြူရေးကုမ္ပဏီများ ဒေါ်လာသန်းနှင့်ချီစီးပွားဖြစ်၊ လက်ကိုင်ဖုန်းများမှ ဓာတ်ရောင်ခြည် လူကိုအန္တရာယ်ဖြစ်စေသလား၊ သီရိလင်္ကာနိုင်ငံစံတော်ချိန် မူလအတိုင်း ပြန်ပြောင်းမည်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်များသွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကိုစစ်ဆေးကြပ်မတ်

ရန်ကုန် မတ် ၁၂

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲမှူးချုပ်သန်းဟန်၊ စစ်ဆေးကြပ်မတ်ရေးကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ တွဲဖက်အတွင်းရေးမှူး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် ကော်မတီဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာမော်တော်ယာဉ်များနှင့် တပ်မတော်မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာမော်တော်ယာဉ်များနှင့် တပ်မတော်မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝှီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် မော်တော်ယာဉ်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော် ပြည်နယ်၊တိုင်း၊မြို့နယ်များ၌ ဆက်လက်ကျင်းပမည်

ရန်ကုန် မတ် ၁၂

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းပြည်သူ့အားကစားကွင်း၌ မတ်၁၇ရက်မှစတင်၍ နေ့စဉ်နံနက်၈နာရီမှ ည၈နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ပြည်သူများ သက်သာချောင်ချိစွာ ဝယ်ယူနိုင်ရန်အတွက် ဖေဖော်ဝါရီ၁ရက်မှ၇ရက်အထိ ရန်ကုန်မြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌လည်းကောင်း၊ ဒုတိယအကြိမ် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့၌လည်းကောင်း ကျင်းပပြီးစီးခဲ့ပြီး တတိယအကြိမ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပလျက်ရှိသည်။ စတုတ္ထအကြိမ် ဈေးရောင်းပွဲတော်ကို မုံရွာမြို့၌ ကျင်းပရန်စီစဉ်ထားရှိပြီး ဆက်လက်၍ အခြားပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့နယ်များ၌ ဈေးရောင်းပွဲတော်များ ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

ပထမအကြိမ်မြောက် နတ်မောက်စက်မှုလက်မှုကျောင်းသားဟောင်းများ စုပေါင်းဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၁ရက်(သောကြာနေ့)တွင်ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် ဦးတင်မြင့် အင်(န်)ပက်ကုမ္ပဏီရုံးခန်း ဖုန်း-၅၀၀၄၂၀၊ ဦးလှထွန်း ဖုန်း-၀၉-၈၀-၂၂၈၅၆၊ဦးခင်မောင်ကို ဖုန်း-၀၉-၅၁၁၂၀၆၂၊ ဦးမြင့်ဦး ဖုန်း-၀၉-၅၁၀၁၃၉၉၊ ဦးအုန်းမြင့်(ဒီဇယ်) ဖုန်း-၀၉-၅၀၇၇၄၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး အတွက် မိုးညှင်းယောဂီ ဒေါ်ခင်ဆွေမျိုးက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသအား သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယအား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ထံမှ ငါးပါးသီလခံယူကြစဉ်။

(သတင်းစဉ်)

လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာတော် ဘဒ္ဒန္တ ဂဏိဿရအား လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ မဟာဝိချစ်အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ပုသိမ်မြို့ ကမ္ဘာ့အေးကျောင်းတိုက်မှ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့ခံဆရာတော် ဘဒ္ဒန္တ သီရိန္ဒရအားလည်းကောင်း သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်စွည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ယင်းနောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် တပေါင်းလပြည့်နေ့
(ဥပုသ်နေ့)
၁၃-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သောဥပ္ပါတသန္တိ ပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ တေးသရုပ်ဖော်အစီအစဉ်
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သချ်ာအထူးပြု) (သချ်ာ)
၁၇:၀၅ ၆။ အကပဒေသာ
၁၇:၁၅ ၇။ ဓမ္မပူဇာတေးအစီအစဉ်
၁၇:၂၅ ၈။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၉။ မြန်မာ့ရိုးရာတောဓလေ့ကျေးလက်တေးသံများ
၁၇:၄၅ ၁၀။ **"အားဆေး"** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး"** (အပိုင်း-၇၁)
၁၈:၅၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၀၅ ၁၆။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉:၂၀ ၁၇။ အတီးပြိုင်ပွဲ
၁၉:၃၅ ၁၈။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၉။ ကြည်ညို့ဦးခိုက်ဖူးလိုက်စို့တူပျော်မန်းရွှေစက်တော်
၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ်နေ့ကလေးများ"** (အပိုင်း-၁၇)
၂၄။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ **နွေဦးဆောင်းနှောင်းလတပေါင်း**(အပိုင်း-၂)
၂၅။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၆။ နောက်တစ်နေ့အစီအစဉ်
၂၇။ အစီအစဉ်ပြီး၏။

သဲကုန်းမြို့ မြသိန်းတန်စေတီတော်ကြီး ထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့ရှိ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာ သင်တန်းတွင် ပထမဦးဆုံးအကြိမ် သင်တန်းတက်ရောက်ဆည်းပူးနေကြသော သင်တန်းသား သင်တန်းသူများအား သင်တန်းခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်သို့သွားရောက်ကာ တာဝန်ရှိသူတို့ကိုမှာကြားပြီး ဝန်ကြီးသည် ပျူခေတ်၌ ဒွတ္တဘောင်မင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းဘောဘောကြီးစေတီသို့သွားရောက်ကာ နှစ်ပရိစ္ဆေဒ အလွန်ကြာမြင့်လာပြီဖြစ်၍ ယိုယွင်းမှုရှိလာသည့် ရှေးဟောင်းစေတီတော်ကြီး၏ အစိတ်အပိုင်းအချို့ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင် သဲကုန်းမြို့၌ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာအရှင်ဉာဏိဿရ ကြီးမှူးကျင်းပတော်မူသည့် မြသိန်းတန်စေတီတော်မြတ်ကြီး ထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဝန်ကြီးများနှင့် တက်ရောက်လာသော ဧည့်ပရိသတ်များအား ကိုးပါးသီလတရားတော် ချီးမြှင့်သည်။ ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အလှူရှင်များနှင့် တာဝန်ရှိသူတို့က လက်ယာရစ်တစ်ကြိမ် လှည့်လည်ပူဇော်သည်။ ထို့နောက် ထီးတော်ဘုံဆင့်များကို သီတဂူအဏ္ဏဝါထီးတော်တင်အဖွဲ့ဖြင့် ဝန်ကြီးများနှင့် အလှူရှင်များက တင်လှူပူဇော်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သီတဂူ ဦးစိုးဝင်းတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို တင်လှူပူဇော်ကြသည်။ **(သတင်းစဉ်)**

ကြည်နူးဖွယ်ကောင်း လတပေါင်း

ဦးကျော်ခိုင်(မွေး/ရေ)

မြန်မာလများတွင် (၁၂)ကြိမ်မြောက် လသည် **"တပေါင်းလ"**ဖြစ်သည်။ ပထမလဝက်သည် ဆောင်းရာသီစက်မှ မလွတ်သေးချေ။ ဒုတိယ လဝက်သို့ရောက်မှသာ နွေရာသီစက်သည် စတင်လေသည်။ ထို့ကြောင့် "တပေါင်းလ"သည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ **"နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသရမ်း"** ဟု ဆိုစမှတ်ပြုကြသည်။ တပေါင်းလတွင် ၂၇–လုံးသော နက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့် လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့် လည်းကောင်း၊ "တပေါင်းလ"ဟု ခေါ်တွင်သည်ဟု ဆိုသည်။ ဗေဒင်အလိုအားဖြင့်ကား "တပေါင်းလ"သည် မိန်ရာသီဖြစ်၏။ စန်းယှဉ်နက္ခတ်ကား ဥတ္တရ ဘရဂုဏ္ဏီတည်း။ သရဖီပန်း၊ အင်ကြင်းပန်းတို့ကို ရာသီပန်းအဖြစ် အသိအမှတ်ပြုကြသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အင်ကြင်းပန်းမှာ အလွန်အလေးအနက်ထားသော ပန်းဖြစ်၏။ အကြောင်းကား ဗုဒ္ဓမြတ်စွာသည် လုမ္ဗိနီသာမော အင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့ပြီးလျှင် ကုသိနာရုံ အင်ကြင်းစုံ၌ ပရိနိဗ္ဗာန်ဝင်စံသောကြောင့်ဖြစ်၏။

"တပေါင်းလ"တွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းသဖြင့် "သဲပုံစေတီတည်သော ရာသီပွဲများကျင်းပလေ့ရှိသည်"ဟု စာဟောင်းပေဟောင်းများ၌ အဆိုရှိခဲ့၏။ "တပေါင်းလ"သည် ဆောင်းကြွင်း နွေဦးလဖြစ်သဖြင့် သစ်ပင်များ ရွက်ဟောင်းစွန့်၍ ရွက်သစ်လွန့်ကာ အညွန့်အညှောက်များ ပေါ်ထွက်ခြင်းဖြင့် တင့်တယ်သာယာလှပေသည်။ မြန်မာစာပေလောကတွင် ရှေးစာဆိုများသည် "တပေါင်းလ"ကို အထူးဖွဲ့ဆိုရေးသားခဲ့ကြ၏။ "တပေါင်းလ" ကို လများ၏ သခင်ဟု အထွတ်တင်ကာ ဖွဲ့ဆိုရေးသားခဲ့ကြ၏။

အင်းဝခေတ် ရဟန်းစာဆို ရှင်ဥတ္တမကျော်သည် သူ၏ တောလားကဗျာကြီး၌ "တပေါင်းလ"၏ တင့်တယ်သာယာပုံကို"လေခမြေသက်၊ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ယီ၊ ဣန္ဒနီဝယ်၊ သီဂိတစ်ဝက်၊ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား" ဟူ၍ တောသစ်ပင်တို့၏ အရွက်များ နွေဦးတွင် ရောင်စုံပန်းချီကားချပ်ကြီးသဖွယ် ဖြစ်နေပုံကို ခမ်းနားလှပစွာ ချီးကျူးဖွဲ့ဆိုခဲ့၏။ ကုန်းဘောင်ခေတ် ပြဇာတ်ဆရာကြီး ဦးကြင်ဥကမူ

"ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်။ ဘမရာရွှေပိတုံးငယ်တို့၊ ခြွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်၊ ရာသီတွင် စာညီပြောပေပ၊ ကြော၍သာမြဲ"

ဟု "တပေါင်းလ" စာပန်းချီကို သီကုံးခဲ့ပေသည်။

ဤကဲ့သို့ ကြည်နူးဖွယ်ကောင်းသော "တပေါင်းလ" အခါတွင် နေရင်းဌာနေ မွေးရပ်မြေရှိ ခုနစ်နှစ်မျှ ကွဲကွာနေခဲ့ကြသည့် ဖခမည်းတော်၊ မိထွေးတော်နှင့် ဆွေတော်မျိုးတော်တို့ထံ မြတ်စွာဘုရား ကြွချီတော်မူပုံကို ဗုဒ္ဓဝင်၌ မဟာသက္ကရာဇ် ၁၀၃ခုနှစ်တွင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားများအား တရားရေအေး တိုက်ကျွေးလျက်ရှိသည့် သတင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိလျက် ခေါင်းဆောင်အမတ် ၁၀ဦးတို့ကို နောက်ပါ အခြွေအရံတစ်ထောင်စီဖြင့် ၁၀ကြိမ်ခွဲကာ မြတ်စွာဘုရားကိုပင့်ရန် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူသည်။ နောက်ဆုံးအသုတ်ကို ဖွားဖက်တော် ကာဠုဒါယီအမတ် ခေါင်းဆောင်၍သွားပါသည်။ မြတ်စွာဘုရားကို ဖူးတွေ့ရ၍ တရားဒေသနာကို နာကြား ရသောအခါ အလုံးစုံသော ကိလေသာ အစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ရောက်ရှိကာ အားလုံးသာသနာ့ဘောင် သို့ ဝင်ရောက်ပြီး ဧဟိဘိက္ခုရဟန်းတော်ချည်း ဖြစ်ကုန်ကြပါသည်။

ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလပြည့်နေ့တွင် "တပေါင်းလ"၏ သာယာပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာ သီကုံး၍ ဖွားရာဇာတိ ကပိလဝတ် နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း လျှောက်ထားပါသည်။ ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား လျှောက်ထားသည့် နောက်ဆုံးဂါထာမှာ "မုနိဥတ္တမ၌ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ ဆောင်းနှောင်းနွေဦး ဤအခါထူးသည် အေးလည်း မအေးလွန်းလှပါဘုရား။ နွေရာသီဝင်ရောက်စဖြစ်၍ ပူလည်း မပူလွန်းလှပါဘုရား၊ ကောက်ပဲသီမ်းစ ဥတုမျှ၍ အာဟာရမွတ်ရှား ခေါင်းပါးခြင်းကင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းပါ၏ဘုရား။ မြေအပြင်သည် နေစာမြက်ညွန့်ရှိသည်ဖြစ်၍ မြအရောင်သမ်း၊ စိမ်းလန်းလျက် ရှိပါပြီဘုရား။ ဆောင်းနှောင်း နွေဦး "တပေါင်းလ"ဆိုသည့် ဤအခါထူးသည် ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်းကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်အခါကာလဖြစ်ပါတော့သည်ဘုရား" ဟူ၍ လျှောက်ထားပါသည်။

မြတ်စွာဘုရားသခင်သည် မဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ်မြို့သား သံဃာတစ်သောင်း ခြံရံလျက် တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀(မိုင် ၇၂၀ခန့်) ဝေးသော မွေးရပ်ဌာနီ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပါသည်။ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်ခရီးမှာ ကျေးဇူးရှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင် (မိထွေးတော်) ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားရန် ကြွမြန်းတော်မူခြင်းဖြစ်ပါသည်။ သားတော်ဘုရား၏ ကျေးဇူးဆပ်တရားကြောင့် ခမည်းတော်မင်းကြီးမှာ မင်းမြောက်တန်ဆာငါးပါး ဝတ်ဆင်လျက် ထီးဖြူတော်အောက်မှာပင် အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်စံခဲ့ပါသည်။ မွေးမယ်တော် မာယာဒေဝီသည် သားတော် မင်းသိဒ္ဓတ်ကို ဖွားမြင်ပြီး ခုနစ်ရက်တွင် နတ်ရွာစံလေရာ သားတော်မြတ်စွာဘုရားသည် မွေးမိခင်ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွမြန်း၍ အဘိဓမ္မာဒေသနာဟူသော ကျေးဇူးဆပ်တရား ဟောခဲ့သဖြင့် ကျွတ်တမ်းဝင်ခဲ့ပါသည်။ မိထွေးတော်ဂေါတမီသည်လည်း နိဗ္ဗာန်ဝင်ခဲ့ပါသည်။ မြတ်စွာဘုရားသည် မိဘတို့၏ ဂုဏ်ကျေးဇူးကို အထူးဟောရာ၌ "ပုဗ္ဗာစရိယ = ရှေးဦးဆရာ၊ လောကဿဒဿေတာ= ကမ္ဘာလောကကြီးကို ပြပေးသူ" စသည်ဖြင့် ဂုဏ်ထူးပြု ဟောတော်မူပါသည်။

ဤသို့လျှင် မြတ်ဗုဒ္ဓသည် ကမ္ဘာလောကအကြောင်းကို ပြသသွန်သင်ပေးသော လက်ဦးဆရာ မိနှင့်ဘကို ကျေးဇူးဆပ်ရန်လည်းကောင်း၊ ဆွေတော်မျိုးတော်များအကျိုးကို ဆောင်ရွက်ရန်လည်းကောင်း၊ တိုင်းသူပြည်သား လူအများတို့၏အကျိုးကို ဆောင်ရွက်ရန်တို့အတွက်လည်းကောင်း ခရီးကြွရန် ပြင်ဆင်သောနေ့သည် တပေါင်းလပြည့်နေ့ဖြစ်ပြီး စတင်ခရီးထွက် ကြွတော်မူသောနေ့သည် တပေါင်းလပြည့်ကျော် တစ်ရက်နေ့ဖြစ်ပါသည်။

ဤသို့အားဖြင့် **"ကြည်နူးဖွယ်ကောင်း လတပေါင်း"** အခါသမယတွင် **"မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အဖန်ဖန် အောက်မေ့ခြင်း"** ဟူသည့် ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၂

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၇ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို မတ် ၄ရက် ည ၇နာရီက မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အားကစားကွင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း (မျိုးမင်းသိန်းရွှေမြိုင်)က ဖတ်ကြားသည်။ ထို့နောက် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးဒေါ်ခင်သန်းနွယ်၊ ဟောပြောပွဲဖြစ်မြောက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်–မရမ်းကုန်း)တို့က အမှာစကားပြောကြားကြပြီး စာရေးဆရာများဖြစ်ကြသော နန္ဒာမိုးကြယ်၊ ချစ်ကိုကိုယု၊ အသံတုကြယ်တစ်လုံး တို့က စာပေရေးရာများ ဟောပြောကြသည်။

(က–ပ)

ပေးအပ်လှူဒါန်း

ဦးတင်ဝမ်း–ဒေါ်ပြုံးကြည်တို့အားရည်စူး၍ အမှတ်(၁၆၁) လှိုင်မြစ်လမ်း ဈေးကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေ ကျန်ရစ်သူသားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံစဉ်။ (က–ပ)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားဝင်း ဘိုးကလေးအသင်း သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်အထက် အသင်းဝင် အဘိုးအဘွားများကို ပူဇော်ကန်တော့ပြီး အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၄–၂၀၀၅ခုနှစ် စာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်သည်။ ကန်တော့ခံ အဘိုးအဘွားများနှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများသည် ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း–၂၉၁၃၃၈၊ ဒေါ်မြင့်မြင့်စိန်(ဘဏ္ဍာရေးမှူး) ဖုန်း–၅၄၃၇၂၄နှင့် အမှတ် ၅၄ တတိယထပ် ဘုန်းကြီးလမ်းရှိ ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) ဖုန်း–၂၁၂၅၀၈တို့သို့ ဆက်သွယ်ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ်သူမြို့ နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၁၁၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

MRTV-4
ရုပ်မြင်သံကြား အစီအစဉ်

၁၃–၃–၂၀၀၆(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်
၇း၂၅	သွားသွားလာလာ ကိုပါရာ (မဟာမုနိဘုရားနှင့် ရေတော်ဆရာတော်အား ပူဇော်ကန်တော့ခြင်း)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	ပုဂံယဉ်ကျေးမှု နယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (2005 I Can Korean Student Art Show)
၈း၅၀	ပတ်ဝန်းကျင်ကို အလှဆင်နေသော ရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ပြည်တွင်း သတင်းအကျဉ်း
၉း၁၅	Art & Technology Talk (ဦးမြင့်မောင်ကျော်နှင့် တွေ့ဆုံခြင်း)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေး
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (အမဲစင်းကော)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်း သတင်းအကျဉ်း
၁၁း၁၅	အသည်းရောင် အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၄)
၁၁း၃၀	လျှပ်စစ်မီးဝေဖြာ ဘိုင်းဒါးကျေးရွာ
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတက်ရောက် ဓာတ်ငွေ့သုံးမော်တော်ယာဉ်များ ပြောင်းလဲမှုမြန်ဆန်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက် ညနေ ၄ နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ စာစစ်ဌာနများသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်နှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲမှု မြန်ဆန်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းလမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ကျောင်းကြိုပို့ယာဉ်များ ပြေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက တွံတေး–ကံဘဲ့–ကွမ်းခြံကုန်း–ဒေးဒရဲ–ဖျာပုံ လမ်းတစ်လျှောက်၌ လမ်းမြေသား တာပေါင်တိုးချဲ့ခြင်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံတံတား တည်ဆောက်ရေး စီမံကိန်း ဒေးဒရဲဘက်ကမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူး အဖွဲ့(၇)မှ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က ဖျာပုံတံတား လုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ လိုအပ်သည့် စက်ယန္တရားများကို ဖြည့်ဆည်းပေးပြီး ဖျာပုံတံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်ချီးမြှင့်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သံဃနာယကအဖွဲ့၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ အောင်လက်မှတ်နှင့် ဆုပေးပွဲကို(၈၉)ရပ်ကွက် ပဏ္ဍိတာရာမ ကျောင်းတိုက်၌ မတ် ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကေလာသက ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ မြန်မာစာ၊ အခြေခံ အဘိဓမ္မာဘာသာတို့တွင် ပထမဆုရရှိသော (၉၄)ရပ်ကွက်မှ မခင်သော်တာဇော် အား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပေးအပ်ပြီး **(အပေါ်ပုံ)** မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်ဇင်ဦးနှင့် ရပ်ကွက် ဥက္ကဋ္ဌများက သင်တန်းအောင်မြင်သူများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့် ကြသည်။ အဆိုပါသင်တန်းတွင် ၄၄၆ဦး စာမေးပွဲအောင်မြင်ကြကြောင်း သိရသည်။ **(က–ပ)**

ကံထပ်၊ သိမ်ထပ် မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၁၂

အရှင်ဇေယျသိဒ္ဓိ ဓမ္မဥာဏိက ဆရာတော်ကြီး၏ တပည့်ဦးဝိလာသသည် သန်လျင်ရွှေပေါက္ကန်းသာသနာပြုစခန်း၌ ၁၃၆၇ခုနှစ် (တပေါင်းလပြည့်နေ့)တွင် သံဃာတော် ၁၀၈ပါးအား ကံထပ်၊ သိမ်ထပ်မင်္ဂလာ ကျင်းပမည်ဖြစ်ရာ သံဃာတော်တစ်ပါးလျှင် ပရိက္ခရာရှစ်ပါးနှင့် ဆွမ်းစရိတ်အတွက် ငွေကျပ်၅၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ပြီး ဒါယကာ၊ ဒါယိကာမများ (တပေါင်းလပြည့်နေ့) နံနက် ၈နာရီခွဲတွင် သန်လျင်မြို့ ရွှေပေါက္ကန်း သာသနာပြုစခန်းသို့ ကြွရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ပုသိမ် အထက ကျောင်းများမှ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

ပုသိမ်မြို့ အထက (၁)(၂)(၃)မှ အသက်(၇၅)နှစ်ပြည့်ပြီး ရန်ကုန်မြို့နေ ဆရာ ဆရာမများအား ကျောင်းသူ ကျောင်းသားဟောင်းများက နှစ်စဉ် ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို မတ်၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရေဝတီတိုင်းဓမ္မာရုံ ကြားတောရလမ်း ဗဟန်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးဘအေး ဖုန်း–၆၆၁၆၈၅၊ ၆၆၆ ၄၀၄၊ ဦးတင်လှိုင်ဦး ဖုန်း–၅၂၇၃၁၂၊ ဦးမြင့်ဦး ဖုန်း–၃၈၁၃၆၁၊ ဦးအောင်သန်း ဖုန်း–၀၉ ၅၁ ၂၃၀၇၂ နှင့် ဦးခင်မောင်ဝင်း ဖုန်း– ၅၄၉၀၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ အမှတ်၁၀ ပြည်လမ်း ၆ မိုင်ခွဲ လှိုင်မြို့နယ်ရှိ (Mo Asia Company Ltd., Dumex) မှ အာဟာရမန်နေဂျာ ဒေါက်တာ ဖြူတီကြည်နှင့် အာဟာရဆရာဝန်များ မတ် ၁ ရက်က ငွေကျပ် ၃၅၀၀၀၀တန်ဖိုးရှိ Dumex နို့မှုန့် များ လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

၂၀၀၆ခုနှစ် ကမ္ဘာအေးကုန်းမြေ ဆွမ်းဆန်စိမ်း လောင်းလှူပွဲတော်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အရှေ့)ရပ်ကွက် ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၂၆၀၀၅၀ကို မတ် ၁၁ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုထံ မြို့နယ်ရုံးခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

သင်ယူပြီးမြောက်မှု

မတ် ၉ ရက်က အမက(၁၂) စမ်းချောင်းတွင် ၂၀၀၅–၂၀၀၆ ခု ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ချို သန်းက ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့လက်ရွေးစင်ရွေးချယ်မည့် လေးပွင့်ဆိုင်ဘောလုံးပြိုင်ပွဲ လက်ရွေးစင် (ခ) နှင့် ယူ-၂၃ အသင်း ပွဲဦးထွက်ယှဉ်ပြိုင်ကစားမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအဆင့်အတန်း မြင့်မားလာစေရန်နှင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် အဆင့်မြင့်မြင့် ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ပြန်လည်ဖွဲ့စည်းလေ့ကျင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ လေးပွင့်ဆိုင် ဘောလုံးပြိုင်ပွဲကို မတ်၁၄ရက်မှ ၂၁ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ညနေ ၄နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

လေးပွင့်ဆိုင် ဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမ လက်ရွေးစင်(က)အသင်း၊ ပဏာမ လက်ရွေးစင်(ခ)အသင်း၊ အသက် (၂၃)နှစ်အောက် အသင်းနှင့် အသက် (၂၃)နှစ်အထက် အသင်းတို့ကို ရွေးချယ်ဖွဲ့စည်းထားသည်။ ပွဲစဉ်ရေးဆွဲထားရာ မတ်၁၄ရက်တွင် ပဏာမ လက်ရွေးစင်(ခ)အသင်းနှင့် အသက် (၂၃)နှစ်အောက်အသင်း၊ မတ်၁၅ရက်တွင် ပဏာမလက်ရွေးစင်(က) အသင်းနှင့် အသက် (၂၃)နှစ်အထက် အသင်း၊ မတ် ၁၇ရက်တွင်ပဏာမ လက်ရွေးစင်(က) အသင်းနှင့် အသက် (၂၃)နှစ်အောက် အသင်း၊ မတ် ၁၈ရက်တွင် ပဏာမလက်ရွေးစင်(ခ) အသင်းနှင့် အသက်(၂၃)နှစ်အထက် အသင်း၊ မတ်၂၀ရက်တွင် ပဏာမလက်ရွေးစင်(က)အသင်းနှင့် ပဏာမလက်ရွေးစင်(ခ) အသင်း၊ မတ်၂၁ရက်တွင် အသက်(၂၃)နှစ်အောက်အသင်းနှင့် အသက်(၂၃) နှစ်အထက်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပဏာမလက်ရွေးစင်(က)အသင်း

ပဏာမလက်ရွေးစင် (က) အသင်းကို နည်းပြအဖြစ် ဦးတင်ဟန်နှင့် ဦးအေးမောင်လေးတို့က ပူးတွဲ တာဝန်ယူကြမည်ဖြစ်သည်။အားကစားသမားများအဖြစ် **(ဂိုး)** သီဟစည်သူ (စွန်ရဲ)၊ ဇော်မိုးထက် (စီးပွား/ကူးသန်း)၊ **(နောက်တန်း)** အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ အောင်သူဝင်း(စွန်ရဲ)၊သန်းထိုက်(စက်မှု-၁)၊ ဇော်မင်းထွန်း (လျှပ်စစ်စွမ်းအား)၊ ဇော်ထက်အောင် (စွမ်းအင်)၊ ထူးကျော် (ဘဏ္ဍာ/အခွန်)၊ မျိုးဇော်ထွန်း(စီးပွား/ကူးသန်း)၊ ချမ်းချမ်း(စီးပွား/ကူးသန်း)၊ **(အလယ်တန်း)** သန်းဝဏ္ဏအောင် (မြို့တော်စည်ပင်)၊ ကျော်ငွေးဦး (မြို့တော်စည်ပင်)၊ အောင်မျိုးသန့် (စီးပွား/ကူးသန်း)၊ လှအေးထွေး (မြို့တော်စည်ပင်)၊ **(ရှေ့တန်း)**သူရိန်စိုး (တံခွန်)၊ ဇင်မျိုးအောင် (တံခွန်)၊ ထွန်းမင်းဦး(ကမ္ဘောဇ)၊ စထက်နိုင်ဝင်း (စွန်ရဲ)တို့ ပါဝင်ကြသည်။

ပဏာမလက်ရွေးစင်(ခ)အသင်း

ပဏာမလက်ရွေးစင် (ခ) အသင်းကို နည်းပြအဖြစ် ဦးရဲညွန့်နှင့် ဦးဆပ်သီးတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ အားကစားသမားများအဖြစ် **(ဂိုး)** သန်းဇော်ဝင်း (တံခွန်)၊ ကျော်ဇင်ထက်(ဆောက်လုပ်ရေး)၊ **(နောက်တန်း)** ဝင်းဇော်အောင် (မြို့တော်စည်ပင်)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ ကျော်ကျော်ထွန်း (အား/ကာသိပ္ပံ)၊အေးဆန်း(ကမ္ဘောဇ)၊ မျိုးမြင့်အောင် (ပို့ဆောင်ရေး)၊ ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ **(အလယ်တန်း)** စောကြယ်လင်း (ပြည်ထဲရေး)၊ ရာဇာဝင်းသိန်း(စီးပွား/ကူးသန်း)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ ညီညီစိုး(သစ်တောရေးရာ)၊ မင်းမင်းထွန်း (စွမ်းအင်)၊ **(ရှေ့တန်း)** ကျော်သီဟ (ကမ္ဘောဇ)၊ စည်သူသန်း (ဆောက်လုပ်ရေး)၊ နိုင်ဝင်း(စွမ်းအင်)၊ ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ ဟန်စိုးအောင် (လျှပ်စစ်စွမ်းအား)တို့ ဖြစ်ကြသည်။

အသက်(၂၃)နှစ်အောက်အသင်း

အသက် (၂၃) နှစ်အောက် အသင်းကို နည်းပြအဖြစ် ဦးဆန်းဝင်းက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ အားကစားသမားများအဖြစ် **(ဂိုး)** ကျော်မင်းလှိုင် (စွမ်းအင်)၊ ဖြိုးမင်းမောင် (ပို့ဆောင်ရေး)၊ **(နောက်တန်း)** မျိုးကျော်အောင် (မြို့တော်စည်ပင်)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)၊ ကျော်ဇေယျာဝင်း (ပို့ဆောင်ရေး)၊ အောင်ထွန်းလင်း (ဘဏ္ဍာ/အခွန်)၊ မိုးဝင်း(စီးပွား/ကူးသန်း)၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ ကျော်ဒွန်း (ပို့ဆောင်ရေး)၊ **(အလယ်တန်း)** မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊ နေဝင်း (ကမ္ဘောဇ)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ **(ရှေ့တန်း)** မာလ(စီးပွား/ကူးသန်း)၊ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)တို့ ပါဝင်ကြသည်။

အသက် (၂၃)နှစ်အထက်အသင်း

အသက်(၂၃)နှစ် အထက် အသင်းကို နည်းပြအဖြစ်ဦးကြည်လွင်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အားကစားသမားများအဖြစ် **(ဂိုး)**အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ကိုကိုအောင်(တံခွန်)၊ **(နောက်တန်း)** ဇော်လင်းထွန်း-၁ (ပြည်ထဲရေး)၊ ဇော်လင်းထွန်း-၂(စီးပွား/ကူးသန်း)၊ အောင်ကျော်မြင့်(ဘဏ္ဍာ/အခွန်)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ မင်းသူ(စီးပွား/ကူးသန်း)၊ ထွန်းထွန်းနောင်(မြို့တော်စည်ပင်)၊ **(အလယ်တန်း)** အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ လာကျဲအိုလွယ်(ဆောက်လုပ်ရေး)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်) တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ သက်နိုင်စိုး (မြို့တော်စည်ပင်)၊**(ရှေ့တန်း)** ရန်ပိုင် (ဘဏ္ဍာ/အခွန်)၊ မျိုးလှိုင်ဝင်း (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်ထွန်း (သစ်တောရေးရာ)၊ စန်းမောင်(ကာကွယ်ရေး)တို့ပါဝင်ကြသည်။

ရွေးချယ်ဖွဲ့စည်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်ကော်မတီသည် အဆင့်မြင့်တန်း၊ ပထမတန်းနှင့် အသက်(၂၀)အောက်လူငယ်ဘောလုံးအသင်းများမှ နည်းပြဆရာများ ရွေးချယ်တင်ပြလာသည့် ဘောလုံးသမားများအနက်မှ အားကစားသမား ၁၀၀ ကို ရွေးချယ်ကာ အားကစားသမား ၂၅ဦးစီ ပါဝင်သော ဘောလုံးအသင်း လေးသင်းဖွဲ့စည်းခဲ့သည်။ အဆိုပါ ဘောလုံးအသင်းလေးသင်းကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ လေးပွင့်ဆိုင်ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေပြီး ပဏာမလက်ရွေးစင် ၄၄ဦးကို ရွေးချယ်ခဲ့သည်။

ပဏာမလက်ရွေးစင် ၄၄ဦးကို ပဏာမလက်ရွေးစင်(က)အသင်းနှင့် ပဏာမလက်ရွေးစင်(ခ)အသင်းဟူ၍ နှစ်သင်းထပ်မံဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာ့လက်ရွေးစင်ဟောင်းများပါဝင်သည့် အသက်(၂၃)နှစ်အောက် ဘောလုံးအသင်းနှင့် အသက်(၂၃)နှစ်အထက် ဘောလုံးအသင်းတို့ကိုဖွဲ့စည်းပြီး လေးပွင့်ဆိုင်ဘောလုံးပြိုင်ပွဲကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် လေးပွင့်ဆိုင် ဘောလုံးပြိုင်ပွဲအပြီးတွင် အသက်(၂၀)အောက် လူငယ်လက်ရွေးစင်အသင်း၊ အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းနှင့် မြန်မာ့ လက်ရွေးစင်အသင်းတို့ကိုဖွဲ့စည်းကာ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး—ကိုထွေး

မတ် ၈ ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးစီမံကိန်း ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးအတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်ဇင်တို့က ရွှေစင်ရွှေသား တစ်ကျပ်သား ကိုးလက်မပတ်လည် လေးချပ်အတွက် ငွေကျပ်ဆယ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အငယ်တန်း စနူကာအားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဘီလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် လမ်းမတော်ပလာဇာ (သံဈေး) ဘီလိယက်နှင့်စနူကာစင်တာတို့ ပူးပေါင်းစီစဉ်ကျင်းပမည့် အငယ်တန်းစနူကာအားကစားပြိုင်ပွဲကို မတ်၂၀ရက်မှစတင်၍ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုငွေ ကျပ်ငါးသိန်း၊ ဒုတိယဆုငွေ ကျပ်နှစ်သိန်း၊ တတိယဆုငွေ ကျပ်တစ်သိန်း၊ အမှတ်အများဆုံးထိုးသူဆု ငွေကျပ်ငါးသောင်းနှင့် ကွာတားဖိုင်နယ်တက်ရောက်သူငါးဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကာလအတွင်း ပျော်ရွှင်ဖွယ်ရာ ရင်ခုန်အားကစားနည်းပြိုင်ပွဲကို နေ့စဉ်ကျင်းပပြီး အထူးဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသော အားကစားသမားများသည် မတ်၁၈ရက် နောက်ဆုံးထား၍ လမ်းမတော်ပလာဇာ (သံဈေး) တတိယထပ် ရန်ကုန်မြို့ ဖုန်း-၃၇၉၈၉၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ချဲထီရောင်းသူများ အရေးယူပေးပါ

စာတည်းရှင့်—

ရွှေပြည်သာမြို့နယ် ရပ်ကွက်ကြီး (၆)ရပ်ကွက်တွင် နှစ်လုံး၊ သုံးလုံး ချဲထီများကို ပြောင်ပြောင်တင်းတင်း ရောင်းချနေပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ရွှေပြည်သာသူ

တရားမဝင် စက်သုံးဆီဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား—

သထုံမြို့နယ် သိမ်ကုန်းရပ်ကွက် မြသပိတ်ဘုရားလမ်း အားကစားပြိုင်ဝင်း အနီးရှိ နေအိမ်ခြံဝင်းအတွင်း၌ လောင်စာဆီများကို တရားမဝင် သိုလှောင်ရောင်းဝယ်လျက်ရှိပါသည်။ ၎င်းအိမ်နှင့် အနီးတစ်ဝိုက်တွင်လည်း အခြားအဆောက်အအုံများရှိသဖြင့် အဆိုပါအိမ်မှ မီးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ပါ၍ သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

သိမ်ကုန်းသား

မိလ္လာပိုက်ပြင်ဆင်ပေးသင့်

စာတည်းခင်ဗျား—

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် မာလာလမ်းသွယ်(၁)ရှိ အိမ်တစ်အိမ်တွင် မိလ္လာပိုက်ပေါက်နေပါသဖြင့် မိလ္လာရည်များသည် မြောင်းအတွင်းသို့ နေ့စဉ်နှင့်အမျှ စီးကျလျက်ရှိပါသည်။ ထိုမိလ္လာရည်များကြောင့် ညစ်ညမ်းမှုဖြစ်စေပြီး ကလေးသူငယ်များ၊သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် မိလ္လာပိုက်ပြင်ဆင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ခွေးလေခွေးလွင့်များ သောင်းကျန်းနေ

စာတည်းခင်ဗျား—

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၉)ရပ်ကွက် နှင်းပန်းလမ်း၊ သဇင်လမ်း၊ အိမ်ကြီးလမ်းနှင့် အမှတ်(၄)ရပ်ကွက် ဦးရွှေဥန်းလမ်းတို့တွင် ခွေးလေ ခွေးလွင့်များ ပေါများနေပါသည်။ အဆိုပါ ခွေးလေခွေးလွင့်များသည် လမ်းသွားလမ်းလာများအား နောက်မှလိုက်၍ ကိုက်ခြင်း၊ လိုက်ဆွဲခြင်းတို့ကြောင့် ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

ဦးချစ်မောင်လမ်းမှ ကွမ်းသီးဖိုသွင်းလုပ်ငန်း မီးဘေးအန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား—

ဗဟန်းမြို့နယ် ဆရာစံမြောက် အရှေ့ရပ်ကွက် ဦးချစ်မောင်လမ်းရှိ ကွမ်းသီးပွဲရုံ နှစ်ရုံရှိပါသည်။ အဆိုပါကွမ်းသီးပွဲရုံနှစ်ရုံမှ ကွမ်းသီးဖိုသွင်းရာတွင် ထွက်ပေါ်လာသော မီးပွားများသည် အနီးပတ်ဝန်းကျင် အိမ်အမိုးများပေါ်သို့ ကျရောက်လျက်ရှိသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် မီးခိုးများကြောင့် ပတ်ဝန်းကျင် ပြည်သူများအား ကျန်းမာရေးထိခိုက်စေပါသည်။ သို့ပါ၍ အဆိုပါ ကွမ်းသီးဖိုသွင်းခြင်း လုပ်ငန်းများကို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

အမှိုက်ပုံ မှန်မှန်သိမ်းပေးပါ

စာတည်းခင်ဗျား—

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဈေးသို့ ယခင်က အမှိုက်သိမ်းကား နေ့စဉ်လာသော်လည်း ယခုအခါ ၄၊၅ ရက်မှ တစ်ကြိမ်သာ လာရောက်ပါသည်။ အမှိုက်ပုံ အနံ့ဆိုးများကို အနီးအနားရှိ ဆိုင်များမှာ နေ့စဉ် ရှူရှိုက်နေရပါသောကြောင့် ကျန်းမာရေးပါထိခိုက်နိုင်သည့်အပြင် မီးဘေး အန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် အမှိုက်သိမ်းကား နေ့စဉ်မှန်မှန်လာရောက် သိမ်းဆည်းပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

အုန်းမွှေးလုံးလုပ်ငန်း စည်းကမ်းတကျဖြစ်စေချင်

စာတည်းခင်ဗျား—

မြောက်ဥက္ကလာပမြို့နယ် ၂/ ရပ်ကွက် သုမာလာ (၉)လမ်းတွင် အုန်းမွှေးလုံးလုပ်ငန်း လုပ်ကိုင်သည့် အိမ်တစ်အိမ်ရှိပါသည်။ ယင်းအုန်းမွှေးလုံးလုပ်ငန်းမှ ထွက်ရှိသည့်အမှိုက်နှင့် အညစ်အကြေးရေများကို စနစ်တကျ မစွန့်ပစ်ဘဲ အိမ်အောက်သို့ စည်းကမ်းမဲ့ သွန်ပစ်နေ၍ ပတ်ဝန်းကျင်ရှိလူများသည် အနံ့အသက်ဆိုးများကို ရှူရှိုက်နေကြရပါသည်။ ယင်းအညစ် အကြေးရေများကြောင့် ခြင်၊ ယင်များလည်း ပေါများပြီး ကျန်းမာရေး ထိခိုက်နေပါသည်။ သို့ပါ၍ စည်းကမ်းတကျ ဖြစ်စေရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးခံစားနေရသူများ

ဈေးရောင်းသူများကိစ္စ ဆောင်ရွက်ပြီးစီး

မြန်မာ့အလင်းသတင်းစာ (၂၆-၁၂-၂၀၀၅) စာတည်းထံပေးစာများ ကဏ္ဍတွင် ပါရှိသော **“ဈေးရောင်းသူများ စည်းကမ်းတကျ ဖြစ်စေချင်”** ပေးစာနှင့် ပတ်သက်၍ ကောလင်းမြို့၌ ကွင်းဆင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်ပွဲ ချယ်လ်ဆီး ကံကောင်းထောက်မ၍နိုင် သရေဟု ထင်မှတ်ထားချိန် စပါးစ်အသင်း ဂိုးပေးခဲ့ရ

လန်ဒန် မတ် ၁၂

ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၉)ပြိုင်ပွဲများကို မတ် ၁၁ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီး၊ ပို့စ်မောက်၊ ဘော်လ်တန်၊ ဝီဂန်၊ အဲဗာတန်နှင့် ဘလက်ဘန်းအသင်းများ အသီးသီး အနိုင်ရရှိကာ သုံးမှတ်စီတိုးလာကြသည်။

နာမည်ကြီးချယ်လ်ဆီးအသင်းနှင့် ပရီမီယာရှစ်နံပါတ်(၄)နေရာရောက် တော့တင်ဟမ်အသင်းတို့သည် စတမ်းဖို့ဒ်ဘရစ်၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ကံကောင်းထောက်မ၍သာ အနိုင်ရရှိလိုက်ခြင်း ဖြစ်သည်။

အမှတ်မထင်

ချယ်လ်ဆီးကစားသမား ဝီလျံဂါးလတ်စ်က ပွဲပြီးခါနီး လေလွင့်ချိန်တွင် တော့တင်ဟမ်တို့၏ ပျော့ရွှင်နေမှုကို ရိုက်ချိုးကာ ဂိုးသွင်းယူလိုက်သည်။ ချယ်လ်ဆီးတို့ သရေပွဲနှင့် ပွဲသိမ်းရသော အချိန်၊ ကျဉ်းထဲကျပ်ထဲအချိန်၌ ဂါးလတ်စ်က အဝေးမှ အမှတ်မထင် ကန်သွင်းလိုက်ရာမှဂိုးဝင်သွားခဲ့သည်။

ထောင့်ကန်ဘောမှတစ်ဆင့်ဂျွန်တယ်ရီ ခေါင်းတိုက်သွင်းရာ စပါးစ် ဂိုးသမားရော်ဘင်ဆင်၏ ခေါင်းပေါ်မှ ကျော်တက်သွားသည်။

နှစ်ကြိမ်ရှိ

စပါးစ်အသင်းသည် ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်းကို စတမ်းဖို့ဒ်ဘရစ်၌မနိုင်ခဲ့သည်မှာ နှစ်ကြိမ်ရှိသွားပြီဖြစ်သည်။

ဂိုးပေးလိုက်ရ

စပါးစ်အသင်းက ချယ်လ်ဆီးအသင်းကို ၁၆နှစ်အတွင်း ပထမဆုံးအနိုင်ရရှိရန် ကြိုးစားနေချိန်တွင် ဝီလျံဂါးလတ်စ်က အဝေးမှ အမှတ်တမဲ့ ကန်သွင်းလိုက်၍ ဂိုးသမား ရော်ဘင်ဆင် ပြင်ဆင်ချိန်မရဘဲ ဂိုးပေးလိုက်ရခြင်းဖြစ်သည်။

စပါးစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်ပြီးဖြစ်၍ ဝီလျံဂါး လတ်စ်အား အသင်းသားများနှင့် နည်းပြမော်ရင်ဟိုတိုက ဝိုင်း၍ပြေးဖက်ကာ ချီးကျူး ဂုဏ်ပြုခဲ့ကြသည်။



ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုး သွင်းပေးသူ ဝီလျံဂါးလတ်စ်(ယာ)နှင့် စပါးစ်အသင်းအတွက် ချေပဂိုးသွင်းပေးသူ ကျီးနက်စ်တို့ တွေ့ကြရာတွင်…။
(ဓာတ်ပုံ-အင်တာနက်)

ပထမဆုံးဂိုး

ချယ်လ်ဆီး၏ အဖွင့်ဂိုးကို မိုက်ကယ်အက်ဆိန်းက ရိုက်ဖီးလစ်ထိုးပေးလိုက်သောဘောလုံးမှတစ်ဆင့်အဝေးမှ ကန်သွင်းရာ ဂိုးစတင်ရရှိခဲ့ခြင်းဖြစ်သည်။ယင်းဂိုးသည် ၎င်း၏ချယ်လ်ဆီးအသင်းအတွက်ပထမဆုံးဂိုးဖြစ်သည်။

သို့ရာတွင် ပထမပိုင်း ပွဲပြီးရန်နီးကပ်လာချိန်၌ တော့တင်ဟမ်မှ မိုက်ကယ်ဒေါဆင် ခေါင်းတိုက်ချပေးလိုက်သော ဘောလုံးကို တိုက်စစ်မှူး ကျီးနက်စ်က ပက်သွင်းယူလိုက်သည်။ ချယ်လ်ဆီးမှ ရိုက်ဖီးလစ်သည် အစောပိုင်းတွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သူဖြစ်သည်။ ၎င်းအင်္ဂလန်အသင်းကစားသမားသည် စပါးအသင်း ဂိုးဧရိယာအတွင်း ခရက်စ်ပို့အား အကောင်းဆုံးဂိုးသွင်းခွင့်ကို ဖန်တီးပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးတို့တိုက်စစ်ဆင်ကစားလာရာ လမ်းပတ် ကန်လိုက်သော

စုစည်းရေးသားသူ
မြင့်စိုး

ပွဲအပြီးဂါးလတ်စ်၏ဆိုစကား

ပွဲအပြီး ချယ်လ်ဆီး နောက်တန်းကစားသမား ဝီလျံဂါးလတ်စ်က ပြောကြားရာတွင်"မော်ရင်ဟိုဆိုတာ ဒါပဲ၊ လူတချို့က သူ့ကိုကြိုက်တယ်၊ တချို့က မကြိုက်ကြဘူး၊ ဒါပေမယ့် သူဟာ မန်နေဂျာကောင်းတစ်ယောက်ပါ၊ ကျွန်တော်တို့ အားလုံး သူ့နောက်မှာ ရှိတယ်။ ကျွန်တော်တို့ သူ့အတွက် ပွဲတိုင်းကို အနိုင်ရအောင် ကစားသွားမယ်။ ကျွန်တော်တို့ ပရီမီယာရှစ်နှင့် အက်ဖ်အေဖလား အနိုင်ရအောင် ကစားသွားမယ်၊နောက်နှစ်မှာ အားလုံး အနိုင်ရအောင် ကစားသွားမယ်"ဟု ပြောကြားသည်။

ထိုနေ့က ပရီမီယာရှစ် တန်းစီဇယား နံပါတ်(၅) နေရာရောက် ဘလက်ဘန်းအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့သည် အီဝုဒ်ပတ်စ်၌ ယှဉ်ပြိုင်ကစားကြရာ ဘလက်ဘန်းက နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိသွားသည်။

ဖွဲဆော်ဦးဂိုး

ဗီလာတို့အစပိုင်းတွင် ဂိုးသွင်းခွင့်များ ရရှိသော်လည်း ဂိုးမရရှိခဲ့ပေ။ ဒုတိယပိုင်းပြန်စပြီး လေးမိနစ်အကြာတွင် ဘလက်ဘန်းကစားသမား အင်ဒီတော့ဒ်က ထောင့်ကန်ဘောကြောင့် ဗီလာဂိုးသမား သောမတ်စ်ဆိုရင်ဆင် လဲကျသွားစဉ် ဖွဲဆော်ဦး ဂိုးသွင်းယူလိုက်သည်။

ဗီလာရှုံးနိမ့်ရသည့်အဓိကတရားခံ လက်သည်မှာ မီလန်ဘားရို့စ်ဖြစ်သွားပြီး ၎င်းသည် ဂိုးသမားဘရက်ဖရိုက်ဒယ်နှင့် တစ်ယောက်ချင်းတွေ့ဆုံရာ နှစ်ကြိမ် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဘလက်ဘန်းအတွက် ဒုတိယ မြောက်ဂိုးကို ဘယ်လာမီက ဗီလာ ဂိုးသမားဆိုရင်ဆင် အမှားလုပ်မိရာမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်း နောက်တန်း နားလည်မှု လွဲမှားကာ ဗီလာတိုက်စစ်မှူး ဘာရီကို ကန်ခွင့်ပေးလိုက်ရာ ကံကောင်း၍ ဂိုးမပေးလိုက်ရခြင်းဖြစ်သည်။ ဘောလုံးမှာ

ထိုးဖောက် ပြေးခွဲ

ဘော်လ်တန် အသင်းနှင့်ဝက်စ်ဟမ်းတို့ယှဉ်ပြိုင်ကစားရာတွင် ဘော်လ်တန်မှ ရီကာဒိုဗက်ဇ်တီ (အလယ်)**ထိုးဖောက် ပြေးခွဲယူစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဂိုးတိုင်နှင့် ပွတ်ကာသီကာ ကပ်လွဲသွားခဲ့သည်။

ဘလက်ဘန်းဂိုးသမား ဆိုရင်ဆင်က ဆီနာမာပွန်ဂိုလ်လီကို ဘောလုံးပစ်ပေးစဉ် ဘယ်လာမီက ဘောလုံးကို ဖြတ်ယူ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်းသည် ပရီမီယာရှစ် ၂၉ ပွဲကစားပြီးချိန်တွင် ၁၄ ပွဲ အနိုင်ရရှိထားသည့် အသင်းဖြစ်သည်။

ထိုနေ့က ဘော်လ်တန် အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမပိုင်း ၄၅မိနစ်မှာပင် ဘော်လ်တန်တို့ သုံးဂိုး- ဂိုးမရှိ သွင်းယူပြီး အောင်မြင်မှု တံဆိပ်ကို ခတ်နှိပ်နိုင်ခဲ့သည်။

ဘော်လ်တန်အတွက် ဂိုးများကို ဂီယန်နာကိုပေါလစ်က နှစ်ဂိုး၊ စပိဒ်ကတစ်ဂိုး၊ ပီဆင်က တစ်ဂိုးသွင်းယူခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် နှစ်သိမ့်ဂိုးကို ရှရင်ဂမ်က ပွဲပြီးရန် ၁၂မိနစ် အလို၌ သွင်းယူခဲ့ခြင်းဖြစ်သည်။ ။
(အင်တာနက်)

အခြားပွဲရလဒ်များ

ဘာမင်ဂမ်	တစ်ဂိုး	–	ဝက်စ်ဘရွန်း	တစ်ဂိုး
ပို့စ်မောက်	နှစ်ဂိုး	–	မန်စီးတီး	တစ်ဂိုး
ဆန်းဒါးလန်း	ဂိုးမရှိ	–	ဝီဂန်	တစ်ဂိုး
အဲဗာတန်	သုံးဂိုး	–	ဖူလ်ဟမ်	တစ်ဂိုး။

(အင်တာနက်)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲ အွန်နရီနှင့် ဗီယာရာ ထိပ်တိုက်တွေ့ကြပြီ

လန်ဒန် မတ် ၁၂

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် အီတလီမှ ဂျူဗင်းတပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သဖြင့် အသင်းခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီယာရာကို ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။



အာဆင်နယ်မှ အွန်နရီ

ယင်းတို့နှစ်သင်းသည် ပထမအကျော့ပြိုင်ပွဲကို မတ် ၂၈ ရက်တွင် ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒုတိယအကျော့ကို ဧပြီ၅ ရက်တွင် တူရင်၌ ကစားကြရမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ အာဆင်နယ်တို့ အကြိုဗိုလ်လုပွဲ တက်နိုင်ခဲ့လျှင် ပထမအကျော့ကို ဧပြီ ၁၉ ရက်တွင် ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ကို ဧပြီ ၂၅ရက်တွင် ကစားရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

လီယွန်အသင်းသည် ကွာတားဖိုင်နယ်တွင် အေစီမီလန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ယင်းနောက် အနိုင်ရခဲ့လျှင် ဘင်ဖီကာနှင့် ဘာစီလိုနာတို့မှ အနိုင်ရသည့် အသင်းနှင့် အကြိုဗိုလ်လုပွဲ ကစားရနိုင်သည်။

ယုံကြည်ထား

အင်တာမီလန်နှင့် အေဂျက်ဇ် အသင်းတို့သည် နောက်ဆုံး ၁၆သင်း ဒုတိယအကျော့ပွဲအဖြစ် မတ်၁၄ ရက်တွင် ကစားရလိမ့်မည် ဖြစ်သည်။ အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးက သူ၏ အာဆင်နယ်အသင်းနှင့် ဗီယာရာ၏ ဂျူဗင်းတပ်စ်အသင်းတို့ ယှဉ်ပြိုင်ရာတွင် အခွင့်အလမ်းတစ်ရပ်ရရှိလိမ့်မည်ဟု ယုံကြည်ထားသည်။

မိမိတို့အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အတွက် ရာခိုင်နှုန်းပြည့် ပြင်ဆင်ထားပြီ ဖြစ်ကြောင်း၊ ဗီယာရာကိုလည်းပြန်လာရန် ဟိုက်ဘူရီကွင်းက စောင့်ကြိုနေပါကြောင်း ဝင်းဂါးက ပြောကြားသည်။

ဆက်လက်ပြောကြား

သို့ရာတွင် မိမိတို့အသင်းသည် ဗီယာရာတစ်ဦးကိုသာ ဦးတည်ကစားမည် မဟုတ်ဘဲ ဂျူဗင်းတပ်စ်ကိုသာ ဦးတည်ရည်မှန်း၍ ကစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပိုကောင်းလာ

ချန်ပီယံလိဂ်ဖလား ဗိုလ်စွဲရေးသည်ဘာစီလိုနာပြီးလျှင် ဂျူဗင်းတပ်စ်သည် ဒုတိယနေရာတွင် ရှိနေကြောင်း၊ သို့ရာတွင် မိမိတို့အသင်းသည်လည်း တစ်ပွဲထက်တစ်ပွဲ ပို၍ပို၍ ကောင်းလာပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဗီယာရာသည် ဂျူဗင်းတပ်စ်သို့မပြောင်းမီက အာဆင်နယ်အသင်းနှင့် ဟိုက်ဘူရီတွင် ကိုးနှစ်တာကစားခဲ့သူဖြစ်ကြောင်း၊ ယခုနှစ် ဘောလုံးရာသီအစတွင် တူရင်သို့ ပြောင်းသွားခဲ့သည်။

ပြောင်းသွား

အသက်၂၉ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ် ကစားသမား ဗီယာရာသည် မြောက်လန်ဒန်၌ ကိုးနှစ်ကစားခဲ့ပြီးနောက် ယခုနှစ် ရာသီအစတွင် တူရင်သို့ ပြောင်းသွားခဲ့သည်။

ဂျူဗင်းတပ်စ်မှ ဗီယာရာ

အာဆင်နယ်နှင့် ဂျူဗင်းတပ်စ်တို့ ယှဉ်ပြိုင်ရာတွင် အသင်းဟောင်းနှင့် ကစားရမည်ဖြစ်၍ အံ့သြစရာများ ဖြစ်ကုန်ပြီဖြစ်ကြောင်း၊ သို့သော်လည်း ကစားရာ၌ အနိုင်ရရှိရေးကိုသာ ဦးတည်ကစားမည်ဖြစ်ကြောင်း ဗီယာရာက ပြောကြားသည်။

နွေးထွေးစွာကြိုဆိုမည်

ပက်ထရစ်ဗီယာရာသည် ကိုးနှစ်တာ အာဆင်နယ်တွင် ကစားခဲ့ပြီး ဖလားများစွာကို ရယူပေးနိုင်ခဲ့ကြောင်း၊ ၎င်းပြန်လာမည်ဆိုပါက နွေးထွေးစွာကြိုဆိုမည်ဖြစ်ကြောင်း အာဆင်နယ် ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်းက ပြောကြားလိုက်သည်။ ။
(အင်တာနက်)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်

မတ် ၂၈/၂၉ ပထမအကျော့
ဧပြီ ၄/၅ ဒုတိယအကျော့
အာဆင်နယ် နှင့် ဂျူဗင်းတပ်စ်
လီယွန် နှင့် အေစီမီလန်
အင်တာမီလန် (သို့) အေဂျက်ဇ် နှင့် ဗီလာရီးရဲ
ဘင်ဖီကာ နှင့် ဘာစီလိုနာ

အကြိုဗိုလ်လုပွဲ

ဧပြီ ၁၈/၁၉ ပထမအကျော့
ဧပြီ ၂၅/၂၆ ဒုတိယအကျော့
အာဆင်နယ်(သို့)ဂျူဗင်းတပ်စ် နှင့် အင်တာမီလန်/အေဂျက်ဇ်(သို့)ဗီလာရီးရဲ
လီယွန် (သို့) အေစီမီလန် နှင့် ဘင်ဖီကာ (သို့) ဘာစီလိုနာ

ဗိုလ်လုပွဲ

မေ ၁၇ ရက်

(အင်တာနက်)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ ကံကော်မြိုင်လမ်းသွယ်(၁)၊ အမှတ်(၇)နေ
ဦးဖုန်းမြင့်ဦး–ဒေါ်ဥမ္မာညွန့်မူတို့၏ တစ်ဦးတည်းသောသား

မောင်နေလင်းစိုး B.Sc (Maths)
Dip. in Eng (YUFL), Dip. in Business Law
3D Graphic Animator (Visual Impact Co., Ltd.)

နှင့်

ရန်ကုန်မြို့နေ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ဝန်ကြီးဗိုလ်ချုပ်လှထွန်း–ဒေါ်ခင်သန်းဝင်း(အလပြ၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မမြတ်ဟေမန်ထွန်း (B.Com)
Dip. in Eng (YUFL), Dip. in Business Law
Dip. in Fashion Design (Dōzo)

တို့၏ ၁၂–၃–၂၀၀၆ရက် (တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော မိသားစုဝင်များအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ တိုင်းမှူးများနှင့်ဇနီးများ၊ ၂၅–၂–၂၀၀၆ရက်တွင် Mya Yeik Nyo Royal Garden Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် မဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော မအိမ့်ဖြူစံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးကြသော မသက်မွန်စိုးနှင့်မသက်မာစိုး၊ သတို့သားအရန် ဝေလင်းထွဋ်နှင့် သိန်းဝင်းညို၊ သတို့သမီးအရန် ငြိမ်းချမ်းသိန်းနှင့်မြတ်မြတ်စိုး၊ သတို့သမီးဝတ်စုံ ဖန်တီးပေးသော ဒေါ်သီတာဝင်း (Dōzo)၊ မင်္ဂလာမိတ်ကပ် ဆံပင်အလှ ဆင်ယင်ပေးသော အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)၊ ပန်းအလှပြင်ဆင်ပေးသော လင်းလင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးသူ ဆရာမဒေါ်မြင့်မြင့်အေး၊ တေးသံသာများဖြင့် ဖျော်ဖြေသီဆိုပေးကြသော မိုးမြင့်ဝေယံတေးဂီတအဖွဲ့၊ ကိုယ်တိုင်မတက်ရောက်နိုင်ကြသော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များ ပေးပို့ကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ Sedona Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်နေလင်းစိုး–မမြတ်ဟေမန်ထွန်း။

နှစ်(၄၀)မြောက် မင်္ဂလာဆုတောင်းလွှာ

ချစ်ခြင်းမေတ္တာ၊ အကြင်နာများစွာဖြင့် မိသားစုကို ထူထောင်နိုင်ခဲ့သော ချစ်ဖေဖေ **ဦးကျော်ဝင်း** (Managing Director) Eastern Jade Int'l Co.,Ltd. (Maritime Service/ Manpower Agency/ M.A.E Education Centre)နှင့် ချစ်မေမေ **ဒေါ်ခင်နွဲ့** (Beauty)တို့၏ ၁၃–၃–၂၀၀၆ရက်တွင် ကျရောက်သော နှစ်(၄၀)မြောက်မင်္ဂလာမှသည် ရွှေရတု၊ စိန်ရတု၊ ရာပြည့်မင်္ဂလာတိုင်အောင် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်အောင်မြင်ခြင်း၊ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သမီးကြီး	**– ကိုအောင်ဆွေ၊ မခင်မာဝင်း**
ချစ်သားကြီး	**– ကိုထွန်းမင်းဝင်း၊ မစန္ဒာ**
ချစ်သမီးငယ်	**– ကိုဉာဏ်လင်း၊ မခင်စံပယ်ဝင်း**
ချစ်သမီးထွေး	**– မခင်စုထွေးဝင်း (2nd Year (E.P), N.U.S, S'pore)**
ချစ်မြေးများ	**– မောင်ကျော်စိုးဟန်**
	– မငွေဇင်သိမ်း

နှစ်(၄၀)မြောက် မင်္ဂလာဆုတောင်း

အန်ကယ် **ဦးကျော်ဝင်း** (Managing Director, Eastern Jade Int'l Co., Ltd.) နှင့် အန်တီ **ဒေါ်ခင်နွဲ့** တို့၏ ၁၃–၃–၂၀၀၆ရက်တွင်ပြည့်မြောက်သော နှစ်(၄၀)မြောက် မင်္ဂလာမှသည် နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သူရိန် (M.A.E Education Centre)။

သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းမည်

ရန်ကုန် မတ် ၁၂

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၁)ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူပူဇော်ပွဲ၊ (၂၃)ကြိမ်မြောက် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၏ စာအောင်ဆုနှင်းပွဲ၊ (၇)ကြိမ်မြောက် အသက်၇၅နှစ် အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့်အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးပွဲကို ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ မေ၇ရက် (တနင်္ဂနွေနေ့) နံနက်ရနာရီတွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး ဟောပြောပွဲ မြစ်ကြီးနား၌ ကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ် တရားရေးနှင့် ပြည်နယ်ဥပဒေဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး ဦးလနူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက အမျိုးသမီးရေးရာအကြောင်းသိကောင်းစရာများကို ဟောပြောပြီး **(ယာပုံ)** အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်စုမေက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ တရားရုံးများ၌ တွေ့ကြုံရသော အတွေ့အကြုံများကို မြို့နယ်တရားသူကြီး ဦးညိုကြီးကလည်းကောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု ခြားနားခြင်း အကြောင်းကို မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းလှလှအေးကလည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

မအီမြို့စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ရတနာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ ဦးကျော်ဝင်းလှိုင်က ရှင်းလင်းပြသစဉ်။

(ခရိုင် ပြန်/ဆက်)

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ပန်းမြို့ မြို့မ ဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လက်တွေ့ သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၇ ရက်က ဦးစီးအရာရှိ ဦးကျော်စိုးနှင့်ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းနိုင်ဦးတို့ ဦးဆောင်၍ မီးသတ် တပ်ဖွဲ့ဝင်များက သရုပ်ပြကြစဉ်။

(မြို့နယ် စည်ပင်)

ခြစည်းရိုးကြက်ဆူပျိုးပွဲ တီးတိန်၌ကျင်းပ စိုက်ပျိုးနည်းစနစ်ရှင်းလင်း၊ မျိုးစေ့ပေးအပ်

တီးတိန် မတ် ၁

ချင်း ပြည် နယ် တီး တိန် မြို့ နယ် တွင် ခြံစည်းရိုး ကြက်ဆူမျိုးစေ့ပွဲတော်ကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီက တီးတိန်မြို့ မြို့မရပ်ကွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း စုပေါင်းပျိုးခင်း၌ ကျင်းပသည်။

အခမ်း အနားတွင် ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဒေါင့်ခန့်နန်က ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက နယ်မြေခံတပ်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့ အစည်းများနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား ခြံစည်းရိုးမျိုးစေ့များ ပေးအပ်ကာ ပျိုးအိတ်ပေါင်း ၁၁၀၀၉၇ အိတ်အား မျိုးစေ့ချ ပျိုးထောင်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အုန်းတောတံတားဖွင့်ပွဲ အောင်လံ၌ကျင်းပ

အောင်လံ မတ် ၁၀

မကွေးတိုင်း အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် အုန်းတောတံတားဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပရာ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်သွင် တက်ရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းဆွေ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ အုန်းတောတံတားမှာ သစ်သားတံတား အမျိုးအစားဖြစ်ပြီး အရှည် ပေ ၇၀၊ အကျယ် ၁၂ ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၇၈၂၅၀၀၀ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

လှည်းကူးမြို့တွင် နွေရာသီအားကစားသင်တန်းဖွင့်

လှည်းကူး မတ် ၁၁

လှည်းကူးမြို့နယ် နွေရာသီ အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်၁၀ရက် နံနက် ၇နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်စိန်နှင့် ဆရာ ဆရာမများ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါဖွင့်လှစ်သည့် သင်တန်းများမှာ မြန်မာ့သိုင်းသင်တန်း၊ ဟော်ကီသင်တန်းနှင့် ဘင်ခရာသင်တန်းများဖြစ်ပြီး မတ် ၁၀ရက်မှ ဧပြီ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သဖြင့် အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၂၂၀ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၁၄-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မန္တလေးတိုင်းအတွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ)

၁၁:၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (ကာယစိတ္တ နှစ်ဖြာသတ္တိပြည့်ဝသည့် ပြည်ထောင်စုဂုဏ်ရည်) (ညွှန့်ဟံ-ကြူတော)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်းသည် မင်္ဂလာမည်၏) (ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဂုဏ်ယူပါတယ်)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သာယာဖွယ်ကောင်း လတပေါင်းကြည်နူးရွှင်ပျော် သဲပုံစေတီတော်-စုသီရိ)

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီဒုတိယနှစ်-ပညာရေးစီမံခန့်ခွဲမှု)

ညနေပိုင်း

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ဆွေးနွေးခန်း (မုံရွာစီးပွားရေးတက္ကသိုလ်အကြောင်း သိကောင်းစရာ)

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာစေရာနည်း ၁၀ ဖြာ-တင်မောင်ညွန့်)

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ဆင်စီးမြင်းရံ)

၁၉:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် သနပ်ခါးပင်)

၂၀:၃၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ အစီအစဉ်

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ခန်းမလမ်းအပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ လုပ်ငန်းခွင်အတွင်း ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။

(၂၄၀)

ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ် ကျိုက်လတ်၌ဖွင့်

ကျိုက်လတ် ဖေဖော်ဝါရီ ၂၈

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၆ သိန်းနှင့် အလှူရှင်ဦးစိုးနှင့် ဦးတင်ဝင်းတို့က အလှူငွေကျပ် ၁၀ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သော အရှည် ၈၃၄ ပေ၊ အကျယ် ၁၂ ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈နာရီက အဆိုပါလမ်း မုခ်ဦးရှေ့တွင် ကျင်းပသည်။

ထို့နောက် ကတ္တရာလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်၊ အလှူရှင် ဦးစိုးနှင့်ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းပြသ

ပခုက္ကူ မတ် ၆

ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲဗလဉာဏ်ထွန်းနှင့် သန္ဒေ မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ရက်က ဗာဂျီးနီးယား ဆေးလုပ်ငန်းစက်ရုံ ပခုက္ကူကုန်ထုတ်ခွဲ တာဝန်ခံဦးသံလုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးပေါင်းစခန်း တာဝန်ခံများနှင့်အတူ ဆီမီးသတ်ဘူး၊ ရိုးရိုးမီးသတ်ဆေးဘူး ကိုင်တွယ်သုံးစွဲနည်းစနစ်များနှင့် ဆီမီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း **(အပေါ်ပုံ)** နှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်း၊ ဗာဂျီးနီးယားဆေးလုပ်ငန်း ဝန်ထမ်းများနှင့်ပူးပေါင်း၍ လက်တွေ့မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၁၃)**

ပြည် ဇောတိကာရုံ ပါဠိတက္ကသိုလ် သံဃာတော်များ အရုဏ်ဆွမ်းအတွက် အလှူငွေ ဆက်ကပ်လှူဒါန်း

ပြည် မတ် ၃

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် စာချ၊စာသင် သံဃာတော်အပါး ၅၄၀ တို့၏ အရုဏ်ဆွမ်းအတွက် တစ်နေ့လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် မတ်လမှ ဇူလိုင်လအထိ အလှူတော်ငွေကျပ်၂၁ သိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၄) အင်းလျားမြိုင်လမ်း(ထွေးစံအိမ်)နေ ညွန့်ထရေးဒင်းကုမ္ပဏီပိုင်ရှင် ဦးကျော်ညွန့်မိသားစုမှ ဖေဖော်ဝါရီ ၂၆ ရက်က ပဋ္ဌမအကြိမ် လှူဒါန်းပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ(အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ တရားတော်နာယူပြီး ရေစက်သွန်းချ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

ပြင်ဦးလွင် မဟာရွှေမြင်တင်ဘုရား ပရိဝုဏ် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

ပြင်ဦးလွင် မတ် ၈

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဦးဆောင်၍ ပြင်ဦးလွင်မြို့ မဟာရွှေမြင်တင်ဘုရား ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မတ် ၄ ရက် နံနက် ၈ နာရီခွဲက အဆိုပါဘုရား၌ ကျင်းပသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စောရီထွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်နှင့် အဖွဲ့ဝင်အင်အား ၁၅၀ ခန့် ပါဝင်ဆောင်ရွက်ကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စောရီထွေးက အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်နှင့်အတူတက်ရောက်လုပ်အားဒါနပြုကြသူများအား သန့်လေးသန့်ဆိုင်ရာလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကိုဖေဖော်ဝါရီ၃ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော နမ့်ပြင်-တွန်ကြိုင်း ကျေးလက်မြေသားလမ်း ဖောက်လုပ်နေမှုကို ဖေဖော်ဝါရီ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် မတ်၈ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှိ ယာဉ်/စက်ယန္တရားများကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

(၃၂)ကြိမ်မြောက်သွေးလှူဒါန်း

မကွေး မတ် ၁၀

မကွေးမြို့ ဆုံရပ်ကွက် လမ်းမတော် ဂမုန်းပွင့်ဆေးတိုက်မှ တိုင်းရင်းသမားတော်ဦးသိုက်ထွဏ်း**(အပေါ်ပုံ)**သည် မတ် ၆ရက်က မကွေးတိုင်းအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်တွင် (၃၂) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မိုးညှင်းစာပေနှင့်စာနယ်ဇင်း စာပေလုပ်ငန်းဆိုင်ရာညှိနှိုင်း

မိုးညှင်း ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စာပေလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)ကို ဖေဖော်ဝါရီ ၂၅ ရက်က မိုးညှင်းမြို့ အောင်သပြေရပ်ကွက် သုတအလင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စာပေ နှင့် စာနယ်ဇင်းအဖွဲ့၏ လေးနှစ်တာရေ့လုပ်ငန်းစဉ်များ၊ မိုးညှင်းမြို့နယ် မဂ္ဂဇင်းထုတ်ဝေရေးနှင့် မြို့နယ်အဆင့်ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲ ကျင်းပရန်၊ စည်းရုံးရေးဆိုင်ရာ မြို့နယ်စွမ်းဆောင်ရည်ဆု ချီးမြှင့်ရန်နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန်တို့ကို ညှိနှိုင်းအတည်ပြုကြသည်။ **(၁၅၂)**

ပရိယတ္တိသာသနာ့နုဂ္ဂဟ စာပြန်ပွဲကျင်းပ

လွိုင်ကော် မတ်၄

(၂၉) ကြိမ် မြောက် ပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သာသနာ့နုဂ္ဂဟ စာပြန်ပွဲကို ဖေဖော်ဝါရီ၂၇ရက်က ကယားပြည်နယ်သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

စာပြန်ပွဲသို့ကယားပြည်နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊စာသင်တိုက်များမှ စာသင်သံဃာတော်များနှင့် သီလရှင် ဆရာလေးများ ဝင်ရောက် ဖြေဆိုကြသည်။

အဆိုပါ စာပြန်ပွဲတော်တွင် ပထမကြီးတန်းတွင် အပါး ၃၀၊ ပထမလတ်တန်းတွင် ၆၇ပါး၊ ပထမငယ်တန်းတွင် ၁၄၆ပါး၊ အခြေပြုတန်းတွင်၁၂၈ပါး၊မူလကြီးတန်းတွင်၂၂၅ပါးနှင့်မူလငယ်တန်းတွင် ၃၃၄ ပါး စုစုပေါင်း စာသင်သံဃာတော်များနှင့် သီလရှင်များအပါး၉၃၀ဝင်ရောက်ဖြေဆိုကြသည်။ **(ဝ၆၆)**

အမှိုက်များရှင်းလင်း ရေနုတ်မြောင်းတူးဖော်

မချမ်းဘော ဖေဖော်ဝါရီ ၂၃

မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်ဈေးသူဈေးသားများ စုပေါင်း၍ ဖေဖော်ဝါရီ ၁၂ရက်က စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးဝင်းအတွင်းအပြင်ရှိအမှိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်ကိုကိုက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရပ်ကွက်ချင်းဆက်လမ်းပြုပြင် ချုံနွယ်နှင့် အမှိုက်များ စုပေါင်းရှင်းလင်း

ခေါင်လန်ဖူး ဖေဖော်ဝါရီ ၂၄

ခေါင်လန်ဖူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ခေါင်လန်ဖူးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးနေလင်းထွန်းနှင့် အမှုဆောင်အရာရှိဦးဂျေယော်ယဲ့ဆဲတို့ ဦးဆောင်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ရပ်ကွက်ချင်းဆက်လမ်းများ ပြုပြင်ခြင်း၊ ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မျက်ရဲ-ငထွေစုတ် ကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၆ရက်က ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် ငထွေစုတ် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင် ကာကွယ်ရေးလက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဖေဖော်ဝါရီ၅ရက်က မြို့မဈေး၊ အောင်သာယာဈေးနှင့်ဆိပ်ကမ်းသာဈေးများ၌ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ် အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးထွန်းသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ်၌ ကျေးရွာမူလတန်း ကျောင်းဆောင်သစ် အဆောက်အအုံ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ပျော်ဘွယ် မတ် ၆

ပျော်ဘွယ်မြို့နယ် အုပ်ဆပွင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို အလှူရှင်ဆရာတော်ဘဒ္ဒန္တ ထေရာဝံသက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းကော်မတီဝင် ဦးမန်းကြည်က ကျောင်းဆောင်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး ဦးအောင်ဆန်းထံ ပေးအပ်သည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ ကျောင်းဆောင်သစ်ကို ကျပ်သိန်း ၁၅၀ ကျော် အကုန်အကျခံပြီး ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများစုပေါင်း ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၂၅၀)**

အကြိုအခြေခံမီးသတ်သင်တန်းဖွင့်ပွဲ ရွှေတောင်မြို့နယ်၌ကျင်းပ

ရွှေတောင် မတ် ၇

ရွှေတောင်မြို့နယ် နွားခြံကုန်းအုပ်စု ကျွန်းတန်းရိုးကျေးရွာ မူလတန်းကျောင်း၌ အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၆)ဖွင့်ပွဲကို မတ် ၄ ရက် နံနက်က ကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့် **(အပေါ်ပုံ)** ၊အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးခင်အောင်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်မီးသတ် ဦးစီးမှူး ဦးတင်ဝင်းက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းသည်။

လက်ခံရယူ

ဆက်လက်၍ အဆိုပါသင်တန်းအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ငါးသောင်းကို မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးလှဦးက ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

သင်တန်းသို့ နွားခြံကုန်းအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၀ ရွာမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း စီ–၂ အမှတ် ၆၇ နေ ဦးတင်ဒွန်း–ဒေါ်ဆင့်ဆင့်သက်(၄၂) နှစ်မြောက် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

မော်လမြိုင်မြို့ ကျိုက်သလွံစေတီ၌ အသုံးပြုရန်အတွက် အလှူရှင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ပရိဝုဏ်အတွင်းရှိ ဝေနေယျသုခရေချမ်းစင်အသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးရဲမြင့်၊ အမှုဆောင်ဦးသန်းအေးတို့က တန်ဖိုးငွေကျပ် ၃၇၅၀၀၀တန်ဖိုးရှိ ရေချမ်းစင်နှင့် ရေသန့်စက်ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၆၈)

စာမေးပွဲအထောက်အကူပြု စာအုပ်များလှူဒါန်း

မြင်းခြံ ဖေဖော်ဝါရီ ၂၀

မြင်းခြံခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အမျိုးသမီးရေးရာ စေတနာ့ညကျောင်းမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသူ ၁၁ ဦးအား စာမေးပွဲအထောက်အကူပြု စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြင်းခြံမြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မြသိင်္ဂီက စာမေးပွဲအထောက်အကူပြု စာအုပ်များကို ကျောင်းသူများအား ပေးအပ် လှူဒါန်းကြောင်း သိရသည်။ **(၄၀၂)**

အမြို့မြို့ အနယ်နယ် သတင်းများ

ချောင်းဆုံမြို့နယ်၌ စာကြည့်တိုက်ရှင်သန်ရေးဆွေးနွေး

ချောင်းဆုံ မတ် ၃

ချောင်းဆုံမြို့နယ်၌ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကချင်ပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏပူဇာ ပူဇော်မည်

ရန်ကုန် မတ် ၁၂

အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် မဟာပဓာနနာယက ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသ ဆရာတော်ကြီးအား အမှူးထားလျက် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော သံဃာတော်ကိုးပါး၊ လူ ပုဂ္ဂိုလ်နှစ်ဦးအပါအဝင် ပင့်သံဃာစုစုပေါင်း ၁၄ ပါးတို့အား ဂုဏပူဇာသဘင်ပွဲကို မတ် ၁၅ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဒဂုံမြို့နယ်ရှိကချင်ပြည်နယ် ကျောက်စိမ်းတွင်း ဓမ္မာရုံသစ်ကြီး၌ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်းအသင်း (ရန်ကုန်)တို့မှ ဦးစီးလျက် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြည်ညိုသဒ္ဓါပွားလိုသူများ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားသည်။ ဝတ္ထုငွေများ လှူဒါန်းလိုပါက ကျောက်စိမ်းတွင်း ဓမ္မာရုံတွင်လည်းကောင်း၊ ဦးအုန်းရွှေ(မြစ်ကြီးနားအသင်း) ဖုန်း–၆၈၀၇၁၉ ၊ ၆၈၀၇၆၃၊ ဦးစိန်မောင်(ဗန်းမော်အသင်း) ဖုန်း– ၅၄၃၃၀၄၊ ၀၉၅၁၀၆၉၀၇နှင့် ဦးမောင်ကြီး (မိုးကောင်းအသင်း)ဖုန်း–၂၄၃၄၈၂၊ ၀၉၉၉၂၃၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ဖေဖော်ဝါရီ ၂၁ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့် ဖေဖော်ဝါရီ ၂ ရက်က မြဝတီမြို့ ပျိုးဥယျာဉ်ရှိ ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များရွတ်ဖွားတော်မူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ သင်္ကန်း၊ သပိတ် အစရှိသော ပရိက္ခရာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

❐ ရွှေဖုံးမှ

ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး